
ဒီနိုဇို
ပြန်ဆိုသည်
နီဂီ
ယန်းပေါလ်ဆာတ်
ဝတ္ထုတိုပေါင်းချုပ်

# ဘာသာပြန်သူ၏ အမှာ

ယန်းပေါလ်ဆာလ်၏ ဝတ္ထုတိုများကို ဘာသာပြန်ရသည် မှာ ခက်ခဲပင်ပန်းလှသလို တာဝန် လည်း ကြီးပါသည် ။ ခက်ခဲပင်ပန်းသည် ကတော့ သူ့ဝတ္ထု၊ အင်္ဂလိပ်ဘာသာပြန်တွင် ပြင်သစ်စကားလုံး တော်တော်များများ ညှပ်သုံးထားပါသည် ။ ထို့ပြင် ပထဝီ၊ ဒဿန၊ စိတ်ပညာနှင့် စာပေအနုပညာနှင့် နောက်ခံဝန်းကျင်များ အများ အပြား ပါဝင်နေခဲ့သည် ။ နှစ်ဆယ်ရာစုအလယ် အရေးပါဆုံးကိစ္စများ အတော်များများ ပါဝင်နေခဲ့သည် ။

ဤအတွက် တတ်နိုင်သမျှ ဘေးတွင် ကွင်းခတ်ပြီး ရှင်းလင်းချက်များ အကျဉ်းထည့်သွင်းထားပါ သည် ။ အမှန်တကယ်ရှိသည့်လူနာနာမည်များ ၊ စာအုပ်၊ သီချင်းခေါင်းစဉ်များ ၊ နေရာဒေသများ စသည် တို့ ကိုတော့ စိတ်ဝင်စားသူများ ဆက်လက်ရှာဖွေလေ့လာနိုင်ရန် ပြင်သစ်ရောက်သည့်အခါ အမှတ်တရ လည်းပတ်နိုင်ရန် ဘာသာမပြန်တော့ဘဲ မူရင်းပြင်သစ်ဘာသာအတိုင်းသာ ထည့်သွင်းထားပါသည် ။

တာဝန်ကြီးရသည် ကတော့ ဝတ္ထုတိုင်းတွင် ဆာ့ဒ်၏ လေးနက်သည့် ဒဿနနှင့် စိတ်ပညာဆိုင် ရာအမြင်များ ပါဝင်နေခဲ့သည် ။ သည့်အတွက်အယူအဆတိမ်းစောင်းသွားမှာ စိုးရသလို၊ သူ့အယူအဆ မပေါ်လွင်မှာ လည်း စိုးရပါသည် ။ သည့်အတွက် ဆာ့ဒ်၏ ဖြစ်တည်မှုပဓါနဝါဒနှင့် စိမ်းနေသော ပရိသတ် များ အတွက်

ဝတ္ထုသုံးသပ်ချက်အကျဉ်းကိုပါ ဖြည့်စွက်ထားပါသည် ။

တန်ဖိုးရှိသည့် စာပေအနုပညာလက်ရာ တခုအဖြစ်သာ ပြန်ဆိုခဲ့ခြင်းဖြစ်ပါသည် ။ ဆာ့ဒ်၏ ဖြစ် တည်မှု ပဓါနအမြင်ကို ပြန့်ပွားထွန်းကားစေဖို့ မရည်ရွယ်ပါ။ သို့သော် လစ်ဘရယ်ဒီမိုကရေစီကို ကျင့်သုံးချင်သည့် လူ့အဖွဲ့အစည်းအဖို့ လူ တ ဦး ချ င်း ၏ ပုဂ္ဂလတန်ဖိုးများကို အရေးထားနားလည်ကြဖို့ လိုပါသည် ။ ဤအတွက် ဖြစ်တည်မှုပဓါန စာပေများက တစုံတရာတွေးစရာပေးလိမ့်မည်ဟု လုံးဝကြည်ပါသည် ။ အထူးသဖြင့် ပုဂ္ဂလိက လိင်ကိစ္စပြဿနာကို လမ်းလွှဲကာ လူမျိုးရေးမုန်းတီးမှုနှင့် အစွန်း ရောက်အမျိုးသားရေးဝါဒီ ဖြစ်သွားသူတယောက်အကြောင်း ရေးသားထားသည့် The Childhood of a Leader မှာ ဘာသာရေး၊ အမျိုးသားရေး အတွေးအခေါ်များ လှုပ်ရှားမှုများ အားကောင်းလာနေသည့် ယနေ့ကာလတွင် အရေးတကြီးဖတ်ရှုရမည့် ဝတ္ထုကောင်း တပုဒ်ဖြစ်သည် ဟု မြင်မိပါသည် ။

**ဒီပိုနီ**

## ဆာ့ဒ်နှင့် ဝတ္ထုတို

ဆာ့ ဒ် ၏ ကိုယ်ရေးရာဇဝင် Words တွင် ရေးခဲ့သလိုပင် ဆာ့ဒ်မှာ ကလေးဘဝတွင် ဝတ္ထုတိုအ များ အပြား ရေးဖြစ်ခဲ့သော်လည်း သူ့တစ်သက်တာတွင် ဝတ္ထုတို ငါးပုဒ်ကိုသာပုံနှိပ်ထုတ်ဝေဖြစ်ခဲ့သည် ။

နံရံဟု ခေါင်းဆောင်တပ်ထားသည့် ထိုဝတ္ထုတို ပေါင်းချုပ်ကို ၁၉၃၉တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး အပြောင်း အလဲမြန်သော Olga Kosakiewiecz အတွက်ဟု ဖော်ပြထားသည် ။ နှစ်အနည်း ငယ်အကြာမှ သူ ဝတ္ထုတိုပေါင်းချုပ်ကို ပွတ်သီးပွတ်သပ်ဟု နောက်ခေါင်းစဉ်တမျိုးနှင့်

ထုတ်ခဲ့ပြန် သည် ။ ထိုခေါင်းစဉ်နှစ် ခုစလုံးမှာ ဤဝတ္ထုတိုပေါင်းချုပ်ထဲရှိ ဝတ္ထုတိုတပုဒ်စီ၏ နာမည်များ ပင်။

Gallimard မှ ဤဂဝတ္ထုတိုများကို စုစည်းမထုတ်ဝေခင် သူ၏ ဂျာနယ် La Nouvelle Revue Francaise တွင် ဖော်ပြခဲ့ပြီးဖြစ်သည် ။ အချိန်ကာလအားဖြင့်ဆာ့ဒ်၏ ပထမဆုံးဂတ္ထု Nausea ထုတ်ဝေသည့် ၁၉၃၈ တဝိုက်တွင် ဖြစ်သည် ။စာပေတန်ဖိုးမြင့်မားလာသည့် ဤဂဝတ္ထုတိုအနည်းငယ်မှာ အစောပိုင်း ဆာ့ဒ်၏ ဖြစ်တည်မှု ပဓာနဝါဒ အမြင်နှင့် သူ၏ အတွေးအခေါ်လမ်းကြောင်းတွင် အရေးပါလှသော အစိတ်အပိုင်းတရပ်လည်း ဖြစ်ခဲ့သည် ။

ဆာ့ ဒ် ၏ နိဗယ်နှင့် ဂဝတ္ထုတိုများမှာ ပါရီစာပေအသိုင်းအဝိုင်း၏ အကြီးအကျယ် ချီးကျူးမှုကို ခံရပြီး တိုတောင်းသော ကာလအတွင်းတွင် ပြ င် သ စ် စာ ပေ ၏ အဓိကအရေးပါသော အင်အား တရပ်အဖြစ် အခိုင်အမာရပ်တည်လာခဲ့သည် ။၁၉၃၇ တွင် La Nauvelle Revue Francaise တွင် ဖော်ပြပါရှိသည့် သူ၏ နံရံဝတ္ထုတိုကိုဖတ်ပြီး ထိုအချိန်က အသက် ၇၀ ကျော် ရှိပြီဖြစ်သည့် အင်ဒရေဂျိက ဂျာနယ်အယ်ဒီတာကို “အဲဒီ ယန်းပေါ ဆိုတဲ့ စာရေးဆရာ အသစ်ကလေးက ဘယ်သူ လဲကွ” ဟု မေးသည် ။ ပြီးတော့ သူက တဆက်တည်း “သူ့ဆီက တို့ တွေအများကြီး မျှော်လင့်လို့ ရမယ် ထင်တယ်” ဟု ဆိုသည် ။

သူ့ဝတ္ထုတိုတွေကတော့ သူရဲ့ အပြောင်မြောက်ဆုံး လက်ရာတခုပါပဲ (အင်ဒရေဂျိမှ ပေါဟန် သို့ပေးစာ ၂၇ ဂျူလိုင် ၁၉၃၇)။ ဝေဖန်ရေးဆရာ Gaetan Picon ကလည်း အခုလိုရေးသားခဲ့သည် ။ “Nausea ကတော့ ပြီးခဲ့တဲ့ နှစ်ရဲ့ လက်ဖျားခါရတဲ့ လက်ရာပါပဲ။ နံရံ ကလည်း

စာရေးဆရာရဲ့ ရှားမှ ရှားတဲ့ အရည်အသွေးကို ပြနိုင်ခဲ့တယ်။ သူရဲ့ ဘာသာစကားက သန့်စင်တယ်၊ ပကာသနကင်းတယ်၊ ပြည့်ဝတယ်၊ လူသားဖြစ်တည်မှုအပေါ် စူးစိုက်ရေးသားတတ်တဲ့ ဆာ့ဒ်ဟာ စာပေထဲကို အကြောင်းအ ရာ အာဘော်အသစ်တခု ဆောင်ကြဉ်းလာခဲ့တယ်”

အစဉ်အလာမှ ခွဲထွက်သော၊ ပွင့်ပွင့်လင်းလင်း တဲ့ တိုးပြောတတ်သော ပြင်သစ်စာပေ၏ ထွန်းတောက်စကြယ်တပွင့်ဖြစ်သည့် ဆာ့ဒ်မှာ ထိုအချိန်ကာလကြုံရသည့် နိုင်ငံရေးအလှည့်အပြောင်းများ နောက် ကောက်ကောက်ပါ လိုက်ပါခဲ့ပြီး ပြင်သစ်စစ်တပ်ထဲဝင်သွားခဲ့သည် ။ နံရံနှင့်ပတ်သတ်၍ ဆုတံ ဆိပ်ချီးမြှင့်ခံနေရချိန်မှာ သူကတော့ ၁၉၃၉- ၄၀ (ရှစ်လတာ စစ်ပွဲရပ်နားထားစဉ်ကာလ) အတွင်းမှာ ပြင်သစ်ဂျာမန်နယ်စပ်တလျှောက် မိုးလေဝသ ပူဖေါင်းတွေ လွှတ်တင်နေခဲ့သည် ။ သို့ပေမယ့် အရေး ကြီးသည် က သူ စာတွေဆက်ရေးနေခြင်းပင်။ သူ တပ်ထဲဝင်သည့် ၁၉၄၀ မှ ဂျာမန်တို့ လက်ထဲ အဖမ်း မခံရခင်စပ်ကြား ဆယ်လတာ ကာလအတွင်း၊ ခန့်မှန်းခြေ စာလုံးရေတစ်သန်းခန့် သူရေးသားခဲ့သည် ။

အောင်မြင်မှုဖြင့်တောက်ပနေခဲ့သော၊ အလွန်အရေးပါလှသော အဖြစ်အပျက်များ ဖြင့် စိတ် ထက်သန် တက်ကြွနေသော၊ အင်ဒရေဂျီနှင့် အခြားစာရေးဆရာကြီးများ ၏ အကြီးအကျယ် မျှော်လင့် ထားမှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ထားသော ဆာ့ဒ်မှာ သူကိုယ့်သူ ထိန်းမနိုင်သိမ်းမရ ဖန်တီးမှုတွေထဲ နောက်အနှစ်သုံးဆယ်လောက် နှစ်မြှုပ်ထားခဲ့တော့သည် ။

***

# နံရံ

ဖြူဖွေးလင်းထိန်နေသော အခန်းကြီးတစ်ခန်းထဲ ကျွန်တော်တို့ အားလုံးကို မောင်းသွင်းလိုက် သည် ။ တောက်ပသော အလင်းရောင်များကြောင့်ကျွန်တော့်မျက်လုံးများ ကျိန်းစပ်၊ မျက်တောင်များ ပုတ်ခတ်လို့ နေသည် ။ ထို့နောက်မှာ တော့ စားပွဲတလုံးကို စမြင်ရသည် ။ စားပွဲနောက်မှာ အရပ်ဝတ်ဖြင့် လူလေးယောက်၊ စာရွက်စာတမ်းများကို လှန်လှောနေကြသည် ။ သူတို့ နောက်တွင် နောက်ထပ်အ ကျဉ်းသားတစုကို တန်းစီရပ်ခိုင်းထားသည် ။ ယင်းတို့ နှင့်သွားပေါင်းဖို့ ကျွန်တော်တို့ ခန်းမတလျှောက် ဖြတ်သွားရသည် ။ ၎င်းတို့ ထဲတွင် ကျွန်တော်သိသော သူအများ အပြားပါသလို နိုင်ငံခြားသားဟု ထင်ရ သူများ လည်း ပါကြသည် ။ ကျွန်တော့်ရှေ့ကနှစ်ယောက်ကတော့ မျက်နှာဝိုင်းဝိုင်း၊ ရွှေရောင်ဆံပင်နှင့် ရုပ်ချင်းအတော်ဆင်သည် ။ ကျွန်တော့်အထင် ပြင်သစ်ဖြစ်ဖို့ များ သည် ။ အငယ်တစ်ယောက်က ဂဏာမ ငြိမ်ဖြင့် ဘောင်းဘီကို ဆွဲဆွဲတင်နေသည် ။

သုံးနာရီမျှကြာသည် ။ လူကလည်း လေးလံ၊ ခေါင်းထဲမှာ လည်း ဗလာ၊ အခန်းက နွေးနေလို့ သာ တော်တော့သည် ။ ပြီးခဲ့သော နှစ်ဆယ့်လေးနာရီလုံး ကျွန်တော်တို့ မှာ ခိုက်ခိုက်တုန်နေခဲ့ရသည် ။ အစောင့်များက အကျဉ်းသားများကို တယောက်ပြီးတစ်ယောက် စားပွဲဆီခေါ်သွားသည် ။ စားပွဲတွင် ထိုင်နေကြသော လူလေးယောက်က

အကျဉ်းသားတစ်ယောက်စီကို နာမည်၊ အလုပ်အကိုင်မေးသည် ။

အများအားဖြင့် သူတို့ သည် ရှည်ရှည်ဝေးဝေး မမေး၊ “လက်နက်ခဲယမ်းတွေ ဖျက်စီးရာမှာ ပါခဲ့သလား” ဒါမှ မဟုတ် “ကိုးရက်နေ့မနက်က ခင်ဗျားဘယ်ရောက်နေသလဲ၊ ဘာလုပ်နေလဲ” စသဖြင့် ခပ်ရှင်းရှင်း မေးခွန်းလေးတွေပဲမေးသည် ။

အဖြေကိုလည်း သူတို့ နားမထောင်၊ အနည်းဆုံးနားထောင်နေပုံတောင် သူတို့ မပြ။ သူတို့ ခဏမျှ ငြိမ်ဆိတ်သွားမည်။

ထို့နောက်တွင် တော့ ရှေ့တည့်တည့်ကို ကြည့်၍ သူတို့ ချရေးတော့မည်။ သူတို့ က တွမ်ကို နိုင်ငံစုံတပ်မဟာ (International Bridage စပိန်ပြည်တွင်းစစ်တွင် ရီပတ်ဘလီကင်များ ဘက်မှ ဖက်ဆစ်တို့ ဝင်တိုက်ပေးသည့် နိုင်ငံစုံတပ်ဖွဲ့များ ) တွင် ပါဝင်သည် ဆိုတာဟုတ်၊ မဟုတ်မေးသည် ။ တွမ် စကားပြန်မပေးနိုင်၊ သူ့ကုတ်ကျထဲမှ စာရွက်စာတမ်းများကို သူတို့ တွေ့သွားခဲ့ပြီမဟုတ်လား။ ဂျူရမ်ကိုတော့ ဘာမျှမမေး၊ သူ့နာမည် နားထောင်ပြီးတာနဲ့ အတော်ကြာကြာရေးမှတ်နေခဲ့သည် ။

“ကျွန်တော့်အကို ဂျိုဆေဟာ မင်းမဲ့ဝါဒီတစ်ယောက်ဆိုတာ မှန်ပါတယ်။ သိတဲ့ အတိုင်း သူဟာ ဒီမှာ လည်း မနေတော့ပါဘူး။ ကျွန်တော်ကတော့ ဘယ်နိုင်ငံရေးပါတီနဲ့ မှ မပတ်သတ်ပါဘူး။ ကျွန်တော် နိုင်ငံရေးနဲ့ ပတ်သတ်ပြီးလည်း ဘာမျှမလုပ်ခဲ့ပါဘူးဗျာ”

သူတို့ က ဘာမျှမတုံ့ပြန်၊ ဂျူရမ်သာ မရပ်မနားပြောနေခဲ့သည် ။

“ကျွန်တော်မှ ဘာမှ မလုပ်တာ။ သူများကိုယ်စားတော့ ဝင်မခံနိုင်ပါဘူး”

သူ့နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်နေခဲ့သည် ။ အစောင့်တယောက်က သူ့ပါးစပ်ကိုပိတ် ပြီး ခေါ်ထုတ်သွားသည် ။ ဒီတခါတော့ ကျွန်တော့အလှည့်။

"ခင်ဗျားနာမည် ပက်ဘလိုအမ်ဘီတာလား"

"ဟုတ်ပါတယ်"

ထိုလူက စာရွက်ကိုကြည့်ပြီးမေးသည် ။

"ရာမွန်ဂရစ် ဘယ်မှာ ရှိသလဲ"

"ကျွန်တော် မသိဘူး"

"ခြောက်ရက်နေ့ကနေ ဆယ်ရက်နေ့အထိ ခင်ဗျား သူ့ကို အိမ်မှာ ဖွက်ထားခဲ့တယ်မဟုတ် လား"

"မဟုတ်ပါဘူး"

တစ်မိနစ်ကြာလောက်ကြာအောင် သူတို့ ချရေးနေပြီးနောက် အစောင့်များ ကျွန်တော့်ကို ခေါ်ထုတ်သွားသည် ။ ကော်ရစ်ဒါမှာ တော့ အစောင့်နှစ်ယောက်ဝန်းရံလျက် ကျွန်တော့်ကို စောင့်ဆိုင်းနေကြသော တွမ်နှင့်ဂျူဂရမ်တို့ ကို တွေ့ရသည် ။ ကျွန်တော်တို့ လျှောက်လာကြရင်း လမ်းတွင် တွမ်က အစောင့်တစ်ယောက်ကို မေးလိုက်သည် ။

"ဒါနဲ့ က . . . "

အစောင့်က

"ဒါနဲ့ ဘာဖြစ်သလဲ"

"ဒါ အပြန်အလှန်စစ်ဆေးတာလား၊ ဒါမှ မဟုတ် စီရင်ချက်ချတာလား"

"စီရင်ချက်ချတာ"

"ဒါဖြင့် ကျွန်တော်တို့ ကို ဘာလုပ်မှာ လဲ"

"စီရင်ချက်ကို ခင်ဗျားအခန်းထဲ လာဖတ်ပြလိမ့်မယ်"

အစောင့်က ခြောက်ကပ်ကပ်ဖြေသည် ။

ဖြစ်ချင်တော့ ကျွန်တော်တို့ ၏ အချုပ်ခန်းသည် ဆေးရုံမြေတိုက်ခန်းတခုဖြစ်နေသည် ။ (လူနေထိုင်ရန်မရည်ရွယ်ဘဲ) အကြမ်းဖျင်းဆောက်ထားသောကြောင့် အအေးဒဏ်က ကြောက်ခမန်းလိလိ၊ ကျွန်တော်တို့ ညတိုင်း ခိုက်ခိုက်တုန်နေကြသည် ။ နေ့အချိန်ရောက်လျှင်လည်း သိပ်တော့မထူး။ ပြီးခဲ့ သောငါးရက်စလုံး ကျွန်တော် ဘုန်းကြီးကျောင်းတကျောင်း၏ အချုပ်ခန်းထဲတွင် နေခဲ့ရသည် ။ နံရံမှာ ဖောက်ထားတဲ့ အပေါက်တွေက အလယ်ခေတ်ပုံစံမျိုး။ လက်ရှိအခြေ အနေတွင် အချုပ်ခန်းများ မလုံလောက်သဖြင့် အကျဉ်းသားများကို နေရာတိုင်းလိုလိုမှာ ချုပ်နှောင်ထား နေရသည် ။ တကယ်တော့ ကျွန်တော် ထိုအခန်းကို မလွမ်းပါ။ အအေးဒဏ်သိပ်မခံရသော်လည်း ကျွန်တော်တယောက်တည်း အထီးကျန်လွန်းလှသည် ။ ယင်းဒုက္ခက အချိန်ကြာ လာလေလေ ပိုဆိုး လေလေဖြစ်သည် ။ ဒီမြေတိုက် ခန်းထဲမှာ တော့ ကျွန်တော့်အတွက် အဖော်ရှိသည် ။

ဂျူရမ်က စကားသိပ်မပြောနိုင်၊ သူ့ခမျာ ထိတ်လန့်နေရှာသည် ။ သူ့မှာ တစုံတရာပြောဆိုဖို့ ရာ လည်း သိပ်ငယ်လွန်းနေသည် ။ သို့သော် တွမ်ကတော့ စကားပြောကောင်းသူတစ်ယောက်ဖြစ်ပြီး စပိန် လိုကောင်းကောင်း နားလည်သည် ။

မြေတိုက်ခန်းထဲတွင် ခုံတန်းရှည်တခုနှင့် ဖျာလေးချပ်ရှိသည် ။ အခန်းထဲပြန်ရောက်ပြီးနောက် ပိုင်း ကျွန်တော်တို့ အားလုံးငြိမ်ငြိမ်ဆိတ်ဆိတ်ထိုင်ပြီး စောင့်ဆိုင်းနေကြသည် ။ အတော်ကြာပြီးမှ တွမ်က "ကျွန်တော်တို့ တော့ 'အကျပ်' ခံရပြီ"

"ငါလည်း ဒီလိုပဲထင်တယ်၊ ဒါပေမဲ့ ကောင်လေးကိုတော့ သူတို့ ဘာမှ လုပ်လိမ့်မယ် မထင်ဘူး"

တွမ်က

"သူတို့ ဆီမှာ ဒီကောင်လေးနဲ့ ပတ်သတ်လို့ ဘာအထောက်အထားမှ မရှိဘူး။ ပြောစရာဆိုလို့

သူပြည်သူ့စစ်တစ်ယောက်ရဲ့ ညီဖြစ်နေတာပဲရှိတယ်"

ကျွန်တော်က ဂျူရမ်ကိုကြည့်လိုက်တော့ သူ့မှာ ဘာမှ ကြားပုံမရ။ တွမ်က ဆက်ပြောသည် ။

"ဆာ ရာ ဂို ဆာ မှာ သူတို့ ဘယ်လိုလုပ်သလဲ၊ ခင်ဗျားသိလား၊ လူတွေကို လမ်းမပေါ် အိပ်ခိုင်းပြီးထရပ် ကားတွေနဲ့ တက်ကြိတ်ကြတာဗျ၊ ကျွန်တော့်ကို ထွက်ပြေးလာတဲ့ မိုရိုကန်တစ် ယောက်ပြောပြတာ၊ သူတို့ ကတော့ ဒါဟာ လက်နက်ခြွေတာတာတဲ့ "

"ဒါလည်း ဂတ်စ်တော့ ကုန်ပါသေးတယ်ဗျာ"

ကျွန်တော်ကပြောလိုက်သည် ။ စိတ်ထဲမှာ တွမ့်ကို ဒေါကန်နေမိသည် ။

သူ ဒီစကားမျိုးမပြောသင့်။

တွမ်က ဆက်ပြောသည် ။

"အဲဒီ မှာ အရာရှိတွေက လမ်းပေါ်မှာ လမ်းသလားလို့ ၊ တချိန်လုံးစောင့်ကြည့်နေကြတယ်။ ပြီးတော့ စတိုင်ကျကျအကျႉအိတ်ထဲ လက်ကိုနှိုက်၊ တဖက်က စီးကရက်ကိုခဲလို့ ၊ သူတို့ ဟာ ဒီသူငယ်တွေကို တခါတည်းကိစ္စတုံးပစ်လိုက်မယ်လို့ ခင်ဗျားထင်သလား၊ ငရဲမှ ပဲ. . .၊ မလုပ်ဘူးဗျ။ သူတို့ ခမျာ စူးစူးဝါးဝါးအော်ဟစ်လို့ ၊ တခါတရံ တနာရီလောက်ကြာတယ်။ အဲဒီ မိုရိုကန်ဆိုရင် ပထမဆုံးအကြိမ်မှာ ပျို့အန်လုနီးပါးပဲတဲ့ "

ကျွန်တော် ပြန်ပြောလိုက်သည် ။

"သူတို့ ဆီမှာ တကယ့်ကို လက်နက်ခဲယမ်း ရှားပါးမနေဘူး ဆိုရင်တော့ ဒီမှာ သူတို့ အဲဒီ လိုလုပ်လိမ့်မယ် မထင်ပါဘူး။"

ဘယ်ဘက်မျက်နှာကျက်ရှိ လေဝင်ပေါက်လေးပေါက်နှင့်အဝိုင်းပေါက်တစ်ပေါက်မှ နေ့အလင်း စတင်ဝင်ရောက်လာနေသည် ။ အံဖုံးတခုခုဖြင့် အမြဲပိတ်ထားသော ထိုအပေါက်မှ မြေတိုက်ခန်းထဲသို့ သူတို့ ကျောက်မီးသွေးများ ချလေ့ရှိဟန် တူသည် ။ အပေါက်အောက်နားတွင် ကျောက်မီးသွေ းအပုံကြီးရှိနေသေးသည် ။ ဆေးရုံကို အပူပေးဖို့ သုံးခဲ့ဟန်တူသည် ။ သို့သော် စစ်ဖြစ်ပွားစကတည်းက လူနာများကို "ပ" ထုတ်လိုက်ပြီး ကျောက်မီးသွေးများ လည်း ဒီအတိုင်း အသုံးမပြုပဲ ရှိနေခဲ့သည် ။ တခါတရံ အံဖုံးကိုပိတ်ဖို့ သူတို့ မေ့နေတတ်ပြီး မိုးရေများကျလာတတ်ပါသည် ။

တွမ်တော့ စပြီးချမ်းတုန်နေပြီ။ သူ၊

ကြီးမြတ်လှတဲ့ အရှင်ယေရှုခရစ်၊ ကျွန်တော်မျိုးကြီး ချမ်းလှပြီဗျ။

သူမတ်တပ်ရပ်ပြီး လေ့ကျင့်ခန်းစလုပ်သည် ။ သူလှုပ်ရှားလိုက်တိုင်း

သူ့ရှပ်အကျႌက လန်လန် တက်သွားပြီး အမွေးဗရပွနှင့် ဖွေးဖြူနေသည့် ရင်ဘတ်ကို တွေ့နေရသည် ။ ထို့နောက် သူသည် ပက်လက်လှန်လိုက်ပြီး ခြေထောက်တွေကို လေထဲမြှောက်၊ စက်ဘီးစီးသလို လေ့ကျင့်နေခဲ့သည် ။ သူ၏ တုန်ယင်လှုပ်ခါနေသော တင်ပါးဆုံကြီးသည် ကျွန်တော်မြင်ကွင်းထဲ ဝင်ဝင်လာခဲ့သည် ။ တွမ်သည် သန်စွမ်းကြံ့ခိုင်သော်လည်း အဆီတော့အတော်များ သည် ။ ကျွန်တော့အတွေးထဲတွင် မကြာမီအချိန် အတွင်း ရိုင်ဖယ်ကျည်ဆံ(သို့) လုံ့စွပ်တခုခုသည် ထောပတ်တတုံးလို နူးညံ့လှသော ထိုအသားစိုင် အတွင်း ဘယ်လိုဘယ်ပုံ မြုပ်ဝင်သွားမလဲဆိုတာ စဉ်းစားနေမိသည် ။ အ က ယ် ၍ သူသာပိန်ပိန်ပါးပါး လူတယောက်ဖြစ်ခဲ့မည်ဆိုလျှင် ကျွန်တော် ဤသို့တွေးမိမည်မဟုတ်ပေ။

ကျွန်တော်ကတော့ လုံးဝကို မချမ်းသေးပါ။ သို့သော်လည်း ကျွန်တော့လက်မောင်းနှင့် ပခုံး တွေကတော့ ထုံနေခဲ့ပါပြီ။ တချက်တချက်တွင် ကျွန်တော်သည် တစ်စုံတစ်ခုလိုနေသလို ထင်မိပြီး ကျွ န် တော် ၏ ကုတ်အကျႌကို ရှာဖွေနေမိသည် ။ သို့သော် ကျွန်တော်ချက်ချင်း သတိရသွားသည် ။ သူတို့ ကျွန်တော့ကို ကုတ်အကျႌပြန်မပေးခဲ့။ ကျွန်တော် အတော့်ကို ကသိကအောက်ဖြစ်နေခဲ့သည် ။ သူတို့ သည် ကျွန်တော်တို့ ကုတ်အကျႌကိုယူ၊ သူတို့ စစ်သားတွေကို ပေးပစ်ကာ ကျွန်တော်တို့ ကိုတော့ ဒီအ တိုင်းထားရစ်သည် ။ ကျွန်တော်တို့ မှာ ဆေးရုံလူနာများ နွေလယ်ခေါင်တွင် ဝတ်ဆင်လေ့ရှိသော ကင်း ဗတ်စဘောင်းဘီနှင့် ခါးပေါ်ကဝတ်လက်စရှပ်အကျႌပဲရှိသည် ။ ခဏအကြာ တွမ်ထ လာပြီး ကျွန်တော့်ဘေးလာထိုင်သည် ။ တရှူးရှူးတရှဲရှဲနှင့် အသက်ကို အမောတကော ရှူရှိုက်လို့ ။

“နွေးလာလား”

“မနွေးလာပါဘူး”

ည ရှစ်နာရီနီးပါးခန့်တွင် မေဂျာတယောက်နှင့်အတူ ဖစ်ဆစ်(Falangistas)ပါတီဝင်နှစ်ဦး ဝင်လာခဲ့သည် ။ လက်ထဲတွင် စာရွက်တစ်ရွက်ကို ကိုင်လို့ အစောင့်ကိုမေးသည် ။

“ဒီသုံးယောက်ရဲ့ နာမည်”

“စတိန်းဘတ်၊ အမ်ဘီတာနဲ့ မာဘယ်”

မေဂျာက မျက်မှန်ကို ထုတ်တပ်ပြီး စာရင်းထဲတွင် ရှာဖွေနေခဲ့သည် ။

“စတိန်းဘတ်. . . စတိန်းဘတ်. . . အိုး . . .တွေ့ပြီ၊ မင်းကိုသေဒဏ်ချထားတယ်၊ မနက်ဖြန်မနက် ပစ်သတ်ခံရမယ်”

သူဆက်ကြည့်ပြီးပြောသည် ။

“ကျန်တဲ့ နှစ်ယောက်လည်း အတူတူပဲ”

ဂျူရမ်က စအော်သည် ။

“ဒါမဖြစ်နိုင်ဘူး၊ ကျွန်တော်မပါနိုင်ဘူး။”

မေဂျာကသူ့ကို တအံ့တဩကြည့်ရင်း

“မင်းနာမည်က . . .”

“ဂျူရမ်မာလယ်”

“ဟုတ်ပြီ၊ ဒီမှာ မင်းနာမည်၊ မင်းကို စီရင်ချက်ချပြီးသား”

ဂျူရမ်က

"ကျွန်တော် ဘာမှ မလုပ်ခဲ့ဘူးဗျ"

မေဂျာက ပုခုံးကို ဟန်ပါပါတွန့်လိုပ်ပြီး တွမ်နှင့် ကျွန်တော့ဘက် လှည့်လာသည်။

"မင်းတို့ ရော Basque (အမျိုးသားရေးဝါဒီ)တွေပဲလား"

"ဘယ်သူမှ Basque မဟုတ်ဘူး ။"

သူ စိတ်အနှောင့်အယှက်ဖြစ်သွားပုံရသည်။

"သူတို့ ကပြောတယ် ဒီမှာ Basque သုံးကောင်ရှိတယ်တဲ့ ၊ ငါမင်းတို့ နောက်က တကောက် ကောက်လိုက်ပြီး အချိန်မဖြုန်းနိုင်ဘူး။ ဒါနဲ့ ထုံးစံအတိုင်း ဘုန်းကြီးတပါး လိုမလား"

ကျွန်တော်တို့ နှုတ်ဆိတ်နေခဲ့သည်။

သူ ဆက်ပြောသည်။

"မကြာခင် ဘယ်လ်ဂျီယံဆရာဝန်တယောက် လာလိမ့်မယ်၊ ဒီတစ်ညမင်းတို့ နဲ့ သူနေပေးလိမ့် မယ်"

ပြောပြီးသည် နှင့် စစ်တပ်ထုံးစံအတိုင်းနှုတ်ဆက်ထွက်ခွာသွားသည်။

တွမ်က

"ကျွန်တော်ပြောခဲ့သလို သေဒဏ်ပဲမဟုတ်လား"

ကျွန်တော်က

"အေးဗျာ၊ ဒါဟာ ကောင်လေးအတွက် အတော့်ကို ဆိုးတယ်ဗျာ"

ကျွန်တော်ဒီလို ပါးစပ်ကအလိုက်အထိုက်ပြေလိုက်ပေမယ့်

ကောင်လေးကိုတော့ ကျွန်တော် သိပ်သဘောမကျပါ။ သူ့မျက်နှာက အရမ်းချောင်ကျသွားသည် ။ ကြောက်ရွံ့မှုနှင့် သောကဗျာပါဒတွေ က သူ့ပုံသဏ္ဍာန်တခုလုံးကို တွန့်လိမ်ယိုင်ရွဲ့လို့ ပုံပျက်စေခဲ့သည် ။ လွန်ခဲ့သော သုံးရက်ကတော့ သူ သည် သိပ်မဆိုးဘူးဟု ပြောနိုင်သော စမတ်ကျကျချာတိတ်တစ်ယောက်၊ သို့သော် ယခုတော့ သူ့မှာ နတ်သမီးအိုကြီးတစ်ယောက်လိုမျိုးဟု ကျွန်တော်တွေးမိသည် ။ အကယ်၍ သူတို့ သူ့ကိုပြန်လွှတ်ပေးခဲ့မယ်ဆိုရင်တောင် သူဘယ်လိုမှ ပြန်မနုပျိုနိုင်တော့။

တကယ်တော့ သူ့ကို နည်းနည်းလောက်ဖြစ်ဖြစ် သနားမိဖို့ သိပ်မခက်။ သို့သော် သနားခြင်း သည် ကျွန်တော့်ကို စက်ဆုပ်စေသည် ။ သည့်အပြင်ကျွန်တော့်ကို ကြောက်ရွံ့ထိတ်လန့်စေသည် ။ သူသည် ပါးစပ်က ဘာမှ ထပ်မပြောတော့သော်လည်း တဖြည်းဖြည်း မွဲပြာလာသည် ။ သူ့မျက်နှာရော လက်တွေရော အကုန်လုံး မှ ဝိန်ဖျော့လာသည် ။ သူတဖန် ပြန်ထိုင်ပြီး ကြမ်းပြင်ကို မျက်လုံးအပြူးသား ဖြင့်ကြည့်နေသည် ။ စိတ်ထားကောင်းသောတွမ်က သူ့လက်မောင်းကို ဆုပ်ကိုင်အားပေးဖို့ ကြိုးစား သော်လည်း ချာတိတ်က အထိမခံ၊ ခပ်ကြမ်းကြမ်း ရှောင်ထွက်သွားခဲ့သည် ။

ကျွန်တော် ခပ်တိုးတိုးပြောလိုက်သည် ။

"သူ့ဘာသာသူ နေပါစေဗျာ၊ မကြာခင်မှာ သူတအီအီနဲ့ ငိုနေတာ ခင်ဗျားတွေ့ပါလိမ့်မယ်"

တွမ်က နောင်တရသွားပုံရသည် ။ ကျွန်တော့်စကားအတိုင်း ငြိမ်နေခဲ့သည် ။ သူကချာတိတ်ကို နှစ်သိမ့်ချင်သည် ။ ဤသို့နှစ်သိမ့်ခြင်းဖြင့် သူ့အချိန်တွေကုန်သွားစေပြီး

သူ့အကြောင်းသူတွေးတောဖို့ မေ့နေစေသည် ။ သို့သော် ယင်းအတွေးက ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေသည် ။ ကျွန် တော်သည် သေခြင်းတရားအကြောင်း ဘယ်တုန်းကမှ မတွေးခဲ့၊ တွေးဖို့ ရန်အကြောင်းလည်း မရှိခဲ့။ သို့သော် ယခုတွေးဖို့ အကြောင်းက အနားတွင် ရောက်နေခဲ့ပြီ။ ယခုအချိန်တွင် သေခြင်းအကြောင်း တွေးနေဖို့ က တခြားဘာမှ လုပ်စရာမရှိ။

တွမ်က ပြောသည် ။

"ဒါနဲ့ ဒီကောင်တွေကိုလည်း ခင်ဗျားပြန်သတ်နိုင်ခဲ့တာပဲ မဟုတ်လား"

ကျွန်တော်မဖြေ။

သူက ဩဂုတ်လဆန်းမှ ယခုအထိ ခြောက်ယောက်လောက် ရှင်းနိုင်ခဲ့ကြောင်း ကျွန်တော့်ကို ရှင်းပြသည် ။ သူသည် လက်ရှိအခြေအနေကို သဘောမပေါက်။ ထို့အတူ နားလည်ချင်ပုံလည်း မရဆို တာတော့ ကျွန်တော်ပြောနိုင်သည် ။ ကျွန်တော်ကိုယ်တိုင်လည်း ယင်းကို နားလည်နိုင်စွမ်းမရှိသေး။ ယင်းသည် အကြီးအကျယ်နာကျင်စေမှာ လား။ ကျွန်တော် ကျည်ဆံများ အကြောင်းတွေးနေသည် ။ ကျွန်တော့ ခန္ဓာကိုယ်ထဲကို ထိုးဖောက်ဝင်လာမည့် ကျည်တန်မိုးသီးမိုးပေါက်များကို စိတ်ကူးတွေး ထင်ကြည့်နေမိသည် ။ တကယ်တော့ ဒါတွေအားလုံးသည် တကယ့်မေးခွန်း၏ နံဘေးမှာ ပဲ တရစ်ဝဲဝဲ ရှိ နေခဲ့သည် ။ သို့သော်လည်း ကျွန်တော်ကတော့ အေးအေးဆေးဆေးမှေးနေခဲ့သည် ။ ကျွန်တော်တို့ မှာ ယင်းကို နားလည်နိုင်ဖို့ တညလုံး အချိန်ရသေးသည် မဟုတ်လား။

တအောင့်လောက်အကြာ တွမ်လည်း စကားပြောရပ်သွားသည် ။ ကျွန်တော် သူ့ကို မျက်လုံး ထောင့်ကပ်ပြီးကြည့်လိုက်သည် ။ သူလည်းပဲ မွဲဖျော့လို့ လာခဲ့ပြီ။ သူ့ကို ကြည့်ရတာ ပုပ်သိုးလာ သလိုလို။ ကျွန်တော် ကိုယ့်ကိုယ်ကို ပြောမိသည် ။

"အခုမှ စပြီပေ့ါ"

အခန်းက မှောင်လွန်းသည် ။ အလင်းမှိ န်မှိ န်လေးတစ လေပေါက်ဝနှင့် ကျောက်မီးသွေးပုံပေါ် စီးကျလို့ ။ ကောင်းကင်ပြာအောက်က အစွန်းအကွက် တစလိုဖြစ်နေခဲ့သည် ။ မျက်နှာကြက်ရှိ အပေါက် မှ တဆင့် ကျွန်တော်ကြယ်တစင်းကို တွေ့နေရသည် ။ ညက ရေခဲဆန်ဆန်သန့်စင်အေးခဲ။

တံခါးပွင့်သွားပြီး အစောင့်နှစ်ယောက်ဝင်လာသည် ။ သူတို့ နောက်မှာ တော့ အသားဖြူဖြူ၊ ရွှေရောင်ဆံပင်၊ အညိုရောင်ယူနီဖောင်းနှင့် လူတယောက်သူက စစ်တပ်ပုံစံနှုတ်ဆက်လိုက်ပြီး-

"ကျွန်တော်ဆရာဝန်ပါ။ ခင်ဗျားတို့ ကြိုးစားဖြတ်သန်းရမယ့် ဒီကာလအတွင်းမှာ လိုအပ်တဲ့ အကူအညီပေးဖို့ ကျွန်တော်လာခဲ့တာပါ" ဟု ရှင်းပြသည် ။

သူ့အသံက နှစ်လိုဖွယ်ကောင်းပြီး ရှင်းလင်းပြတ်သားသည် ။

ကျွန်တော်က မေးလိုက်သည် ။

"ခင်ဗျားဒီလာတာ ဘာလိုချင်လို့ လဲ"

"ကျွန်တော်ကတော့ ခင်ဗျားတို့ အစီအမံအတိုင်းပါပဲ။ ခင်ဗျားတို့ ရဲ့ နောက်ဆုံးအချိန်လေးကို အခက်အခဲနည်းနိုင်သမျှနည်းစေဖို့

ကူညီပေးမလို့ ပါ”

“ခင်ဗျားဒီကိုမှ ဘာအတွက် တကူးတက လာရတာ လဲ၊ တခြားသူတွေလည်း ရှိတာပဲ၊ ဆေးရုံတခုလုံး အကျဉ်းသားတွေ ပြည့်နေတယ်မဟုတ်လား”

“ကျွန်တော့်ကို ဒီလွှတ်လိုက်တာပဲလေ”

သူက မသိမသာကြည့်ပြီးဖြေသည် ။

“အို၊ ဒါနဲ့ ခင်ဗျားတို့ ဆေးလိပ်သောက်မလား၊ ကျွန်တော့်မှာ စီးကရက်ရော၊ ဆေးပြင်းလိပ် တောင်ပါသေးတယ်။”

သူက အလောတကြီး ထပ်ပြောသည် ။ ထို့နောက် ကျွန်တော်တို့ ကို အင်္ဂလိပ်စီးကရက်နှင့် စပိန် ပြင်သစ်ဆေးပြင်းလိပ်(ပူရို) တချို့ပေးသည် ။

ကျွန်တော်တို့ မယူ။ ကျွန်တော် သူ့မျက်လုံးတည့်တည့်ကို စိုက်ကြည့်တော့ သူကသိက အောက် ဖြစ်သွားပုံရသည် ။ ကျွန်တော် သူ့ကို ပြောလိုက်သည် ။

“ဒီမှာ ၊ ခင်ဗျားဒီကိုလာတာ သနားစရာကောင်းတွေရဲ့ လက်တို့လက်တောင်း ခိုင်းဖို့ အတွက်မ ဟုတ်ဘူး။ ခင်ဗျားကို ကျွန်တော်သိတယ်။ ကျွန်တော် အဖမ်းခံရတဲ့ နေ့က စစ်တန်းလျားမှာ ခင်ဗျားကို ဖက်ဆစ်တွေနဲ့ အတူ တွေ့လိုက်တယ်”

ကျွန်တော်ဆက်ပြောမလို့ ပါပဲ။ သို့သော် ရုတ်တရက် အံ့အားသင့်စရာပင် ကျွန်တော်တမျိုးဖြစ် သွားသည် ။ ဤဆရာဝန်ရှိနေမှုသည် ကျွန်တော်အတွက် ဘာမှ စိတ်ဝင်စားစရာမရှိတော့။ ပုံမှန်အ တိုင်းဆိုလျှင် တစုံတယောက်ကို

ကျွန်တော်အသာစီးရထားလျှင် ကျွန်တော်အလွတ်ပေးလိမ့်မည်မ ဟုတ်။ သို့သော် ယခု ကျွန်တော့်မှာ စကားပြောချင်သောဆန္ဒသည် လုံးဝကုန်ခမ်းနေသည် ။ ကျွန် တော်ပခုံးတွန့်ပြလိုက်ပြီး မျက်လုံးလွှဲလိုက်သည် ။ အတန်ငယ်အကြာ ကျွန်တော်ခေါင်းပြန်မော့လိုက် တော့ သူသည် ကျွန်တော်ဆက်ပြောမည့်စကားကို သိချင်ဇောဖြင့် ငံ့လင့်နေခဲ့သည် ။ ဖျာပေါ်မှာ တော့ အစောင့်တွေ ထိုင်လို့ ။ အရပ်ရှည်ရှည်ပီဒရိုက လက်မကို အမှတ်မဲ့ ချိုးလိမ်နေသည် ။ နောက်တ ယောက်က အိပ်ပျော်မသွားအောင် ခေါင်းကို မကြာခဏခါနေသည် ။

"ဆရာ မီးလိုမလား" ပီဒရိုက ဆရာဝန်ကို လှမ်းမေးသည် ။

"လိုတယ်" ဟု ခေါင်းဆတ်ပြသည် ။ ကျွန်တော်တွေးမိသလောက်တော့ သူသည် သစ်တုံးတတုံးလို လေးလံကြီးမားသော်လည်း သိပ်တော့မဆိုးပေ။ သူ၏ အေးစက်စက်မျက်လုံးပြာ တွေထဲတွင် အပြစ်ဆို၍ စိတ်ကူးဉာဏ်ခေါင်းပါးခြင်း တခုပဲ ရှိလိမ့်မည်ထင်သည် ။ ပီဒရိုသည် ရေနံဆီမီးအိမ်လေး ဆွဲကာ ပြန်ဝင်လာခဲ့သည် ။ မီးအိမ်ကို ခုံ တန်း အ စွ န်း ပေါ် မှာ တင်လိုက်သည် ။ မီးရောင်ကမှိ န်လွန်း သော်လည်း မရှိတာထက်စာရင် တော်သေးသည် ။ မနေ့ညကဆို ကျွန်တော်တို့ ကို အမှောင်ထဲမှာ ဒီအ တိုင်းထားရစ်သည် ။ ကျွ န် တော့် မှာ တချိန်လုံးမျက်နှာကျက်မီးအိမ်မှ အလင်း စက်ဝိုင်းလေးကိုပဲ စောင့်ကြည့်နေမိသည် ။ ကျွန်တော့်မှာ အညို့ခံထားရသလိုဖြစ်နေသည် ။ ထို့နောက် ကျွန်တော် ရုတ်တရက်နိုး လာပြီး အလင်းစက်ဝိုင်းလေး ပျောက်သွားသည် ။ တကိုယ်လုံးလည်း ကြီးမားလေးလံသော အရာတခုဖြင့် ဖိချေခံထားရသလို ခံစားရသည် ။

ထိုအရာသည် သေပြီဟု တွေးထင်ခြင်း၊ ကြောက်ရွံ့ခြင်းမဟုတ်၊ ထိုအရာသည် အမည်မဲ့။ ကျွန်တော့်ပါးတွေ ပူလာခဲ့ပြီ။ ကျွန်တော့်ခေါင်းတွေ ကိုက်လာခဲ့သည် ။

ကျွန်တော်ကိုယ့်ကိုယ်ကိုယ်တုန်လှုပ်သွားပြီး ၄င်းတို့ နှစ်ယောက်ကို လှမ်းကြည့်လိုက်မိသည် ။ တွမ်က မျက်နှာကို လက်တွေကြားထဲ ငုံ့ဖွက်ထားသည် ။ ကျွန်တော့်မှာ သူ၏ ဝဖြိုးသော လည်ကုတ်ကို သာမြင်ရသည် ။ ဂျူရမ်လေးကတော့ အဆိုးဆုံး၊ သူ့ပါးစပ်တွေကတော့ ပွင့်လို့ ၊ သူ့နှာခေါင်းပေါက်တွေ က တုန်ယင်နေသည် ။ ဆရာဝန်က သူ့အနားကပ်သွားပြီး ပခုံးလေးကိုပုတ်ကာ နှစ်သိမ့်ဖို့ ကြိုးစားသည် ။ သို့သော် မျက်လုံးများက အေးစက်နေဆဲ၊ သည့်နောက်မှာ တော့ ဘယ်ဂျီယံရဲ့ လက်ဟာ ဂျူရမ်ရဲ့ လက်မောင်းတလျှောက် လက်ကောက်ဝတ်ထိအောင် မသိမသာဆင်းသွားနေတာ ကျွန်တော် မြင်လိုက်သည် ။ ဂျူရမ်ကတော့ သတိမထားမိ၊ ဘယ်လ်ဂျီယံက သူ့လက်ကောက်ဝတ်ကို လက် သုံးချောင်းဖြင့်ကိုင်လိုက်ပြီး တချိန်တည်းအနောက်ကို နည်းနည်းဆွဲလှည့်ကာ ကျွန်တော့်ကို ကျောပေးလိုက်သည် ။ သို့သော် ကျွန်တော်ကလည်း အနောက်ကို ငုံ့ကာ ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည် ။ သူသည် လက်ကောက်ဝတ်ကို မလွှတ်သေးဘဲ အိတ်ထဲမှ နာရီကို ထုတ် လိုပ်ပြီး ခဏစောင့်ကြည့်နေခဲ့သည် ။ တမိနစ်လောက်ကြာပြီးမှ လက်ကို လွှတ်လိုက်ပြီး နံရံကို ပြန်မှီကာ အရေးတကြီး ရေးမှတ်စရာတခုကို ယခုမှ ချက်ချင်းသတိရလိုက်သလိုအိတ်ထဲမှ မှတ်စု စာအုပ်တအုပ်ထုတ်ကာ ရေးမှတ်နေခဲ့သည် ။

ကျွန်တော် အတော်ဒေါသထွက်ကာ စိတ်ထဲက ကြိမ်းဝါးနေမိသည် ။

"မိမစစ် ဖမစစ်ကောင်၊ ငါ့ကို လာပြီး သွေးစမ်းပစေစမ်း၊ အဲဒီ ပုတ်သိုးနေတဲ့ မျက်ခွက်ကို လက် သီးနဲ့ ထိုးထည့်ပစ်လိုက်မယ်"

သူမလာပါဘူး။ ဒါပေမဲ့ ကျွန်တော်ကို စောင့်ကြည့်နေတယ်ဆိုတာ ကျွန်တော်သိနေတယ်။ ကျွန်တော်ခေါင်းထောင်လိုက်ပြီး သူ့ကို ပြန်ကြည့်လိုက်သည် ။ ပုဂ္ဂိုလ်ရေးမပါပဲ သူကျွန်တော်ကို ပြောသည် ။

"ခင်ဗျားကြည့်ရတာ သိပ်ချမ်းပုံမရဘူး"

"ကျွန်တော် မချမ်းပါဘူး"

သူ့ကိုကြည့်ရတာ ချမ်းနေသည် ။ သူပြာနှမ်းနေသည် ။ သူ၏ မာကျောသောအကြည့်များ သည် ကျွန်တော့်ဆီမှ မခွာ။ ကျွန်တော်ရတ်တရက်နားလည်သွားသည် ။ မျက်နှာကို လက်နှင့်စမ်းလိုက်တော့ ချွေးများ ဖြင့်ရွှဲနေသည် ။ ဒီမြေတိုက်ခန်းထဲမှာ ဆောင်းတွင်းကြီး ကျွန်တော်ချွေးပြန်နေခဲ့သည် ။ ကျွန် တော်သည် ချွေးနှင့်ကပ်နေသော ဆံပင်ကို လက်နှင့်သပ်တင်လိုက်သည် ။ တချိန်တည်းတွင် ကျွန် တော့်ရှပ်အကျႌသည် စိုရွှဲနေပြီး အရေပြားနှင့် ကပ်နေသည် ။

ကျွန်တော် ချွေးတပေါက်ပေါက်ကျနေခဲ့သည် မှာ တနာရီခန့်ရှိပြီဖြစ်သော်လည်း ကျွန်တော် မခံစားမိ၊ သို့သော် ဒီဘယ်လ်ဂျီယံရဲ့ လောဘကတော့ ဘာတခုကိုမျှ အလွတ်မပေး။ ကျွန်တော့် ပါးပေါ်စီးကျနေသော ချွေးစက်များကို သူတွေ့သွားခဲ့သည် ။ သူတွေးပေလိမ့်မည်။ ဒါဟာ ရောဂါ တခုအဆင့် ရောက်နေတဲ့ ထိတ်လန့်ချောက်ချားမှုရဲ့ သရုပ်သကန်ပဲမဟုတ်လား။ ထို့အတူ ချမ်းအေးမှုကို ပုံမှန်အတိုင်း ခံစားနိုင်သောသူ၏ ရှင်သန်နေမှုအတွက် ဂုဏ်ယူဝံ့ကြွား နေပေလိမ့်မည်။ ကျွန်တော်ထပြီး သူ့မျက်နှာကို

အပိုင်းပိုင်းစိတ်မြွာပစ်လိုက်ချင်သည် ။ သို့သော်လည်း ကျွန်တော့်မှာ ထဖို့ ကြိုးစားရုံ နှင့်ပင် ပြင်းထန်လှသည့်ဒေါသနှင့် ရှက်ရွံ့မှုတွေ အကုန်လွင့် ပျောက်လို့ သွားကြသည် ။ ကျွန်တော်ခံတန်းပေါ်မှာ ပဲ ဖာသိဖာသာ ပြန်လှဲနေမိပါသည် ။

ချွေးများ သည် ကျွန်တော်၏ ဆံပင်မှ တဆင့် လည်ပင်းပေါ်သို့ တပေါက်ပေါက် ကျနေသည် မှာ မသက်သာလှ၊ ထို့ကြောင့် ကျွန်တော်လက်ကိုင်ပဝါဖြင့် လည်ပင်းတလျှောက်သုတ်နေမိသည် ။ သို့သော် မကြာမီ ကျွန်တော်လက်လျှော့လိုက်သည် ။ ကျွန်တော့်လက်ကိုင်ပါဝါလည်း ရွှဲနေပြီ။ ချွေး တွေကတော့ ထွက်နေဆဲ။ ကျွန်တော့်တင်ပါးမှာ လည်း ချွေးတွေနဲ့ ၊ ဘောင်းဘီကရွှဲနေပြီး ခုံတန်းနှင့် ကပ်နေသည် ။ ရုတ်တရက် ဂျူရမ်ကပြောသည် ။“”

“ခင်ဗျားက ဆရာဝန်နော်”

“ဟုတ်ပါတယ်”

ဘယ်လ်ဂျီယံကဖြေသည် ။

“အဲဒါသိပ်နာကျင်သလား. . . ဟို . . . သိပ်ကြာသလား”

“အင်း. . . အချိန်က. . .အို မကြာပါဘူး၊ ကိစ္စမရှိဘူး၊ ခဏလေးပြီးသွားမှာ ပါ”

သူက ဖခင်တစ်ယောက်လေသံနှင့်။ သူ့ပုံစံက ငွေထုပ်ပိုက်လာသည့်ဖောက်သည် တယောက် ကို စိတ်ချလက်ချသာဝယ်ဖို့ ပြောနေသလို။

“ဒါပေမဲ့၊ ကျွန်တော် . . . သူတို့ ပြောကြတာက. . . တခါတလေနှစ်ခါပစ်ရတယ်ဆို”

"တခါတရံမှ ပါ၊ ဒါမျိုးက ပထမတစ်ချက်မှာ ချက်ကောင်းကို မထိမှ ပါ"

ဘယ်လ်ဂျီယံက ခေါင်းတညိတ်ညိတ်ပြောသည် ။

"အဲဒီ အခါ သူတို့ ရိုင်ဖယ်တွေကို အစအဆုံးပြန်မောင်းတင်ရမယ် ပြန်ချိန်ရမယ်"

သူ ခဏတော့ တွေးလိုက်သည် ။ ထို့နောက် အသံပြာပြာဖြင့် ဆက်ပြောသည် ။

"အဲဒီ တော့ ကြာမှာ ပေ့ါ"

သူသည် ဝေဒနာကိုခံစားရမှာ အကြီးအကျယ်ကြောက်ရွံ့နေသည် ။ သူဒီအကြောင်းပဲ တွေးနေ သည် ။ သူ့အသက်အရွယ်ကြောင့်ဖြစ်ပေမည်။ ကျွန်တော်ကတော့ ဒီဝေဒနာအကြောင်း ဘယ်တုန်းက မှ မစဉ်းစားခဲ့။ ဝေဒနာကို ကြောက်ရွံ့ရုံမျှဖြင့်တော့ ကျွန်တော်ချွေးမပြန်။

ကျွန်တော်ထပြီး ကျောက်မီးသွေးပုံဘက် လျှောက်လာခဲ့သည် ။ တွမ်ကခုန်ထလိုက်ပြီး ကျွန် တော့်ကို မျက်စောင်းထိုးကြည့်သည် ။ ကျွန်တော်ရှူးဖိနပ်မှ တကျိုကျိုမြည်သံသည် သူ့ကို အနှောင့်အ ယှက်ဖြစ်သွားခဲ့ပုံရသည် ။ ကျွန်တော့်မျက်နှာသည် သူ့လို ကြောက်ရွံ့ချောက်ချားနေပုံပေါက်နေမလား။ သူလည်း ချွေးပြန်နေတာ ကျွန်တော်တွေ့ရသည် ။

ကောင်းကင်သည် ကြီးမြင့်လွန်းနေသည် ။ မှောင်မဲနေသော ထောင်ချိုးထဲသို့ အလင်းတစ်စက် မျှမဝင်၊ ကျွန်တော့်မှာ ခုနစ်စင်ကြယ်ကိုမြင်ရဖို့ ခေါင်းကို မော်ကြည့်လိုက်ရုံသာ။ သို့သော်

ကောင်းကင် သည် ယခင်နှင့်မတူ။ ဘုန်းကြီးကျောင်းအကျဉ်းစခန်းမှာ တုန်းက ကောင်းကင်၏ကြီးမားသော အစိပ် အပိုင်းအချို့ကို မြင်နိုင်သည် ။ ကျွန်တော့်မှာ နေ့အချိန်တွေများ ဆို အမှတ်တရနေရာတွေဆီလှည့် လည်လို့ ။ မနက်ခင်း၏ အပြာဖျော့ကောင်းကင်အောက်တွင် ကျွန်တော်အတွေးများက အတ္တလန်တိတ် ကမ်းခြေတနေရာသို့ ရောက်ရှိနေခဲ့သည် ။ ဦးခေါင်းထက်က မွန်းတည့်နေကို မြင်ပြန်တော့လည်း ဆီဗီးလ်(Seville)ရှိ ဘားဆိုင်တဆိုင်တွင် မန်ဇန်နယ်လာ(Manzanilla)သောက်ပြီး သံလွင်သီးနှင့် အန်ကိုဗီ (Anchovy) ငါးတို့ ကို မြည်းခဲ့ပုံများကို သတိရနေမိပြန်သည် ။ မွန်းလွဲချိန် အရိပ်ထဲရှိနေပြန် တော့ စိတ်ထဲတွင် နွားရိုင်းသတ်ကွင်းတဝက်လောက်ကို အုပ်မိုးထားသော အရိပ်ထူထူတွေအ ကြောင်း တွေးမိပြန်သည် ။ ကျန်တပိုင်းကတော့ နေရောင်တွေဖြာကျလို့ ၊ ဤကဲ့သို့ ကောင်းကင်တွင် ထင်ဟပ်နေသော ကမ္ဘာလောကကြီး တခုလုံးကို မြင်ခွင့်ရဖို့ဆိုတာ အလွန်ခဲယဉ်းလှပါသည် ။

သို့သော် ယခုအချိန်မှာ ကျွန်တော်သည် ကောင်းကင်ကြီးကို စိတ်တိုင်းကျကြည့်နေမိသည် ။ ယင်းသည် ကျွန်တော်၏ အတွင်းထဲရှိ မည်သည့်အရာကိုမျှ နှိုးဆွခြင်းမရှိတော့။ ကျွန်တော်ယင်းအ ချက်ကို ပိုသဘောကျမိသည် ။ ကျွန်တော်ပြန် လာပြီး တွမ်၏ အနားတွင် ထိုင်လိုက်သည် ။ အချိန်အ တော်ပင် ကုန်ဆုံးသွားခဲ့ပေပြီ။

တွမ်က တိုးတိုးလေးပြောသည် ။ သူပြောရပေမည်။ မပြောလျှင် သူ၏ စိတ်ထဲတွင် သူ့ကိုယ်သူ ရှိနေသေးကြောင်းပင် သတိပြုမိမည်မဟုတ်ပေ။ ကျွန်တော်ကတော့

သူကျွန်တော့်ကိုပြောနေသည် ထင်သည် ။ သို့သော် သူက ကျွန်တော့်ကိုမကြည့်၊ သူသည် ချွေးတွေထွက်ပြီး ဖျော့မွဲနေသော ကျွန်တော်ပုံစံကိုကြည့်ပြီး ထိတ်လန့်နေမှာ သံသယရှိစရာမလိုပေ။ သူသည် ရှင်သန်နေသူ ဘယ်လ်ဂျီယံကို ကြည့်လိုက်ပြီးပြောသည် ။

“ခင်ဗျားနားလည်သလား၊ ကျွန်တော်တော့ နားမလည်ဘူး။”

ကျွန်တော်လည်း ဘယ်လ်ဂျီယံကိုကြည့်ကာ အသံကို နှိမ့်ပြောလိုက်သည် ။

“ဘာလဲ၊ ဘာကိစ္စလဲ”

“ကျွန်တော်တို့ တခုခုတော့ ဖြစ်တော့မယ်၊ အဲဒါကျွန်တော်တို့ နားမလည်နိုင်တဲ့ အရာတခုပဲ”

တွမ်ဆီမှ ထူဆန်းသော အနံ့တခုကို ရလိုက်သည် ။ အနံ့နှင့် ပတ်သတ်ပြီး ယခင်ထက် ကျွန် တော် အာရုံခံနိုင်လာပုံရသည် ။ ကျွန်တော်က ရယ်ပြလိုက်ပြီး

“မင်းခဏအတွင်း သဘောပေါက်သွားပါလိမ့်မယ်”

သူကခေါင်းမာစွာဆင်ပြောသည် ။

“ကျွန်တော် သိပ်မရှင်းဘူး၊ ကျွန်တော်ရဲရင့်ချင်တယ်၊ ဒါပေမဲ့ ပထမဆုံး ကျွန်တော်သိထားဖို့ လိုလိမ့်မယ်. . . နားထောင်၊ သူတို့ က ကျွန်တော်တို့ ကို ခြံဝင်းထဲခေါ်သွားမယ်၊ ကောင်းတယ်၊ သူတို့ ဟာ ကျွန်တော်တို့ ရှေ့မှာ ရပ်မယ် ဘယ်နှစ်ယောက်ရှိမလဲ”

“မသိဘူး၊ ငါးယောက်၊ ဒါမှ မဟုတ် ရှစ်ယောက်၊ ဒီထက်တော့မပိုပါဘူး”

"ကောင်းပြီ၊ ရှစ်ယောက်၊ တစ်ယောက်က 'အသင့်ပြင်'လို့ အကျယ်ကြီးအော်မယ်၊ ကျွန်တော့် ဆီချိန်ရွယ်ထားတဲ့ ရိုင်ဖယ်ရှစ်လက်ကို မြင်နေရမယ်၊ ကျွန်တော်ဟာနံရံရဲ့ တခြားတဖက်ကိုရောက် အောင်ဘယ်လိုများ လုပ်ရမလဲလို့ တွေးမယ်။ ကျွန်တော်ကျောနဲ့ နံရံကို တတ်နိုင်သမျှတွန်းမယ်။ ရှိသမျှ ခွန်အားတအောင်စမှ မကျန်အောင်တွန်းမယ်၊ ဒါပေမဲ့ အိမ်မက်တစ်ခုထဲမှာ လို နံရံကရှိမြဲ၊ ဒါတွေအား လုံးကို ကျွန်တော်မှန်းဆနိုင်တယ်၊ ကျွန်တော် ဒါကို ဘယ်လောက်ကျကျနန တွေးထားသလဲ ခင်ဗျားပဲ သိနိုင်တယ်"

"မှန်တယ်၊ မှန်တယ်၊ ကျွန်တော်လည်း ပဲ မြင်ယောင်နေမိတယ်"

ကျွန်တော် ထောက်ခံလိုက်သည် ။ သူက အသိစိတ်ကင်းမဲ့နေသလို အဆက်မပြတ် ပြောနေခဲ့ သည် ။

"ခင်ဗျားရဲ့ မျက်လုံးနဲ့ ပါးစပ်ဆီချိန်တွယ်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်လိမ့်မယ်။ကျွန် တော်ဟာ ဒဏ်ရာတွေကိုတောင် ကြိုခံစားနေမိပြီ။ ကျွန်တော်ဟာ ပြီးခဲ့တဲ့ အ ချိန် တွေ မှာ ခေါင်းတွေ၊ လည်ပင်းတွေ နာကျင်ကိုက်ခဲနေခဲ့တယ်။ ဒါပေမယ့် ဒါဟာနာကျင်မှုအစစ်မဟုတ်သေးဘူး။ ဒီထက်ကို ပိုဆိုးမယ်။ ဒါဟာမနက်ဖြန်မှာ ခံစားရတော့မယ့် ဝေဒနာပဲ၊ အဲဒါပြီးရင်ရော. . . "

ကျွန်တော်သူဆိုလိုတာကို ကောင်းစွာသဘောပေါက်ပါသည် ။ ကျွန်တော်လည်း ပဲ နာကျင်မှုခံ စားနေရသည် ။ နာကျင်မှုက ခန္ဓာ ကိုယ် မှာ အမာရွတ်လေးတွေ ဗရပွပြည့်နှက်နေသလို၊ ကျွန်တော် ယင်းကို ဘယ်လိုမှ အရေးမကြီးသလို သဘောထားကာ ပြောလိုက်သည် ။

“ပြီးရင်တော့ ခင်ဗျားပေါ် ဒေစီပန်းတွေ တင်ပေးလိုက်မှာ ပေ့ါ”

သူသည် တကိုယ်တည်းစပြီးပြောနေသည် ။ သူ့မျက်လုံးများက ဘယ်လ်ဂျီယံဆီမှ လုံးဝမခွာ၊ ဘယ်လ်ဂျီယံကတော့ နားထောင်နေပုံမရ၊ ဤဆရာဝန်ဘာလုပ်ဖို့ လာသလဲဆိုတာ ကျွန်တော်သိ သည် ။ သူသည် ကျွန်တော်တို့ ဘာတွေတွေးနေသလဲ စိတ်မဝင်စား။ သူသည် ကျွန်တော်တို့ ၏ ခန္ဓာကိုယ်များကို စောင့်ကြည့်ဖို့ လာခြင်းဖြစ်သည် ။ တနည်းအားဖြင့် ယခုလောလောဆယ် ရှင်သန်နေသေးသော်လည်း ဆိုးဆိုးရွားရွားခံစားရပြီး သေဆုံးသွားကြတော့မည့် ခန္ဓာကိုယ်များကို စောင့်ကြည့်ဖို့ လာခဲ့ခြင်းဖြစ်သည် ။

တွမ်ကပြောသည် ။

“ဒါဟာ အိမ်မက်တခုလိုပဲ၊ ခင်ဗျားဟာ တခုခုအကြောင်းတွေးချင်တယ်၊ ခင်ဗျားစိတ်ထဲမှာ အထင်အမြင်တခု အမြဲရှိတယ်။ ဘာလဲဆိုတော့ ဒါဟာအမှန်ပဲ၊ ဒါကို ခင်ဗျားနားလည်နိုင်တော့မယ်၊ အဲဒီ လို ခင်ဗျားအမြဲထင်နေတယ်။ ဒါပေမဲ့ အဲဒါက လွတ်ထွက်သွားတယ်။ အဲဒါက ခင်ဗျားကို ထားခဲ့ပြီးပျောက်ကွယ်သွားတယ်။

ကျွန်တော်ကိုယ့်ကိုယ်ကိုယ်ပြောနေမိတယ်။ သေပြီးနောက်မှာ ဘာမှ မရှိဘူး၊ ဘာမှ ရှိလိမ့်မှာ မဟုတ်ဘူး ။ ဒါပေမဲ့ ဒါဟာ ဘာကိုဆိုလိုသလဲ ကျွန်တော်နားမလည်ဘူး။ တခါတရံနားလည်လုနီးပါးဖြစ်မိတယ်။ ဒါပေမဲ့ အဲဒီ အရာ ပျောက်ကွယ်သွားပြန်တယ်။ ကျွန်တော် အစက ပြန်တွေးရပြန်တယ်။ နာကျင်မှုတွေ၊ ကျည်ဆန်တွေ၊ ပေါက်ကွဲသံတွေ၊ နောက်တခါပြန်တွေး။ ကျွန်တော်ဟာ ရုပ်ဝါဒီတယောက်ပါ။ ဒါခင်ဗျားကို ကျွန်တော်ကျိန်ပြောရဲပါတယ်။ ကျွန်တော် ရူးလည်း

မရှုးသေး ပါဘူး။ ဒါပေမယ့် တစုံတရာ(သေခြင်း)ဟာလည်း ရုပ်ပါပဲ။ ကျွန်တော်ကိုယ့်ရုပ် ကလာပ်ကို မြင်နေတယ်။ ဒါ မခက်ပါဘူး။ ဒါပေမဲ့ တချိန်တည်းမှာ ကျွန်တော်ဟာ အဲဒါကိုကြည့် နေတဲ့ သူ ဖြစ်နေတယ်။ ကျွန်တော်စဉ်းစားရပြီ၊ ကျွန်တော်ဟာ နောက်ထပ်ဘာမှ မသိ မမြင်နိုင်တော့ဘူးဆိုရင် ကမ္ဘာကြီးဟာ အခြားသူတွေအတွက် ဆက်လည်ပတ်နေမယ်၊ ကျွန်တော်တို့ ကို ဒီလိုတွေးဖို့ ဖန်ဆင်းထားတာမဟုတ် ဘူး။ ပတ်ဘလို ကျွန်တော်ကို ယုံပါ။ ကျွန်တော်ဟာ တညလုံး တစုံတရာကို စောင့်ဆိုင်းလို့ နေခဲ့တယ်။ ဒါပေမဲ့ ဒီလိုမဖြစ်လာဘူး၊ အဲဒါဟာ ကျွန်တော်တို့ ရဲ့ နောက်ကျောက ခွကျော်လာလိမ့်မယ်။ ပတ်ဘလို၊ ဒီအတွက် ကျွန်တော်တို့ ဘယ်လိုမှ မပြင်ဆင် နိုင်ဘူး။"

"တိတ်စမ်း၊ ခင်ဗျားက ကျွန်တော့်ကို ဘုန်းကြီးတပါးခေါ်ခိုင်းနေတာလား"

ကျွန်တော် ပိတ်ပောက်ပစ်လိုက်သည် ။

သူမဖြေ၊ ကျွန်တော်သတိထားမိသလောက် သူသည် ပုရောဟိတ်ဆန်ချင်နေပုံရသည် ။ ကျွန် တော်ကို ပတ်ဘလို ဟု နာမည်တပ်ခေါ်သည် ။ စကားပြောပုံမှာ လည်း နိမ့်မြင့်မရှိ၊ တသံတည်း၊ ဒါကို ကျွန်တော်မကြိုက်။ သို့သော် အိုင်းရစ်အားလုံး ဒီလိုမျိုးချည်းပါပဲ။ သူသည် ဆီးနံ့တော့ရလိမ့်မည်ဟု ကျွန်တော်ထင်ပါသည် ။ အခြေခံအားဖြင့် ကျွန်တော့်တွင် တွမ့်ကို ကိုယ်ချင်းစာမှုသိပ်မရှိ။ အတူတူချင်းသေရမှာ ကို ကျွန်တော်က ဘာပိုထူးလို့ သူ့ကို ကိုယ်ချင်းစာရမလဲ၊ နားမလည်၊ ဤအတွက် ကျွန်တော်သည် အခြားသူများ နှင့်တော့ ကွာခြားနေပေလိမ့်မည်။ ဥပမာပြောရလျှင်

ရာမွန်ဂရစ်လိုလူမျိုး၊ တကယ်တော့ ကျွန်တော်သည် တွမ်နှင့် ဂျူရမ်တို့ နှစ်ဦးကြားတွင် အထီးတည်း ခံစားနေရသည် ။ ကျွန်တော်ဒါကို ပိုကြိုက်သည် ။ ဘယ်လိုပဲဖြစ်ဖြစ် ရာမွန်နှင့်ပတ် သတ်ရင်တော့ ကျွန်တော်ပိုပြီး ထိရှလွယ်ပေလိမ့်မည်။ ထိုအချိန်မှ စ၍ ကျွန်တော်အရမ်းမာကျောလာခဲ့သည် ။ ထို့ပြင် ကျွန်တော်ဆက် လက်၍ မာကျောနေချင်သေးသည် ။

သူသည် စိတ်ပျံ့လွင့် နေသကဲ့သို့ စကားလုံးများကို တတွတ်တွတ်ပြောနေသည် ။ သူသည် မတွေးမိအောင် သူ့ကိုယ်သူပြောနေသည် မှာ သေချာသည် ။ သူသည် ဆီးကျိတ်သမား၏ ကျင် ငယ်နဲ့မျိုးရသွားခဲ့သည် ။ သဘာဝ အားဖြင့် ကျွန်တော်သူနှင့်သဘောတူပါသည် ။ သူပြောသမျှအား လုံးကိုလည်း ပြောနိုင်ပါသည် ။ ဒါသဘာဝ ကျသော သေခြင်းမှ မဟုတ်တာ။ တခုရှိတာက ကျွန်တော် သည် သေရတော့မည်ဆိုကတည်းက ဘယ်အရာမှ ကျွန်တော့အတွက် သဘာဝ မကျတော့။ ဒီကျောက် မီးသွေးပုံ၊ ဒီခုံတန်း၊ ပီဒရိုရဲ့ ဆိုးလှတဲ့ ရုပ်၊ ဘာတခုမှ ဘဘာဝမကျ။ တွမ်တွေးသလို လိုက်တွေး ခြင်းဖြင့် ကျွန်တော်ကျေနပ်မှုမရတာ ပဲ အဖတ်တင်သည် ။

ဒီ တ ည လုံး မှာ ကျွန်တော်တို့ အတွေးတွေ ငါးမိနစ်တခါ တူနေလိမ့်မည်ဆိုတာ ကျွန်တော်သိ သည် ။ ကျွန်တော်သူ့ကို နံဘေးမှ ကြည့်လိုက်သည် ။ ပထမဆုံးအကြိမ် သူသည် ထူးဆန်းနေသလို ထင် လာမိသည် ။ သူ၏ မျက်နှာပေါ်တွင် သေခြင်းတရားဖုံးလွှမ်းနေသည် ။ ကျွန်တော်၏ မာနသည် အနာတ ရဖြစ်ခဲ့ရပြီ။ လွန်ခဲ့သော (၂၄)နာရီလုံးလုံး ကျွန်တော် တွမ့်နံဘေးမှာ ရှိနေခဲ့သည် ။ ကျွန်တော် သူပြော တာနားထောင်ခဲ့သည် ။ ကျွန်တော်လည်း သူ့ကို

စကားတွေပြောခဲ့သည် ။ ကျွန်တော်တို့ ကြားတွင် တူ တာဘာမျှမရှိဆိုတာလည်း ကျွန်တော်သိရသည် ။ သို့သော် ယခုအချိန် ကျွန်တော်တို့ နှစ်ဦးသည် အမြွှာညီအစ်ကိုလားထင်ရသည် ။ ရှင်းပါသည် ။ ကျွန်တော်တို့ နှစ်ဦးလုံးသေရတော့မည် မဟုတ်လား၊ တွမ်သည် ကျွန်တော့ကို မကြည့်၊ ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပြီး -

"ပတ်ဘလို ကျွန်တော် အံ့သြတယ်၊ အရာအားလုံး အဆုံးသတ်ရတော့မှာ အမှန်ပဲလားလို့ အံ့သြနေမိတယ်"

ကျွန်တော်လက်ကို ဖျတ်ခနဲပြန်ရုတ်လိုက်ပြီး ပြောလိုက်သည် ။

"မင်းခြေနှစ်ချောင်းကြားထဲပဲ မင်းကြည့်၊ ဝက်ပုတ်ရဲ့ "

သူ၏ ဘောင်းဘီမှ တတောက်တောက်ကျနေသော ကျင်ငယ်ရေများ သည် ခြေထောက်အောက် တွင် အိုင်နေခဲ့သည် ။

"ဘာတွေလဲ"

သူ အထိတ်တလန့်မေးသည် ။

"မင်းဘောင်းဘီထဲပေါက်ချလိုက်တာလေ"

"ဒါမဖြစ်နိုင်ဘူး၊ ကျွန်တော်မပေါက်ဘူး၊ ကျွန်တော်ဘာမှ မခံစားရဘူး။"

သူဒေါသတကြီး ငြင်းသည် ။

ဘယ်လ်ဂျီယံ ကျွန်တော်တို့ နားရောက်လာသည် ။ စိုးရိမ်တကြီးလေသံဖြင့် ဟန်လုပ်မေးသည် ။ "နေကောင်းရဲ့ လား"

တွမ်က မဖြေ၊ ဘယ်လ်ဂျီယံလည်း သေးအိုင်ကိုကြည့်လိုက်ပြီး ဘာမှ ဆက်မပြောတော့။

"ဒါ ဘယ်လိုဖြစ်လဲ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ကျွန်တော်မကြောက်ဘူး၊ ဟုတ်တယ်၊ ကျွန်တော်ကြောက်မနေဘူးဆိုတာ ကျွန်တော် ကျိန်ပြောရဲတယ်" တွမ်က ခက်ထန်စွာပြောသည် ။

ဘယ်လ်ဂျီယံက ဘာမှ ပြန်မဖြေ၊ တွမ်လည်း ထပြီး ထောင့်တထောင့်တွင် သွားပြီးပေါက်သည် ။ ထို့နောက်ပြန် လာပြီး ဘောင်ဘီကို ကြယ်သီးတပ်ကာ စကားတလုံးမှ မပြောဘဲ ထိုင်ချလိုက်သည် ။ ဘယ်လ်ဂျီယံကတော့ မှတ်စုစာအုပ်ထဲ ရေးချလို့ ။

ကျွန်တော်တို့ သုံးယောက်စလုံး သူ့ကို စောင့်ကြည့်နေခဲ့သည် ။ အကြောင်းမှာ သူသည် ရှင် သန်နေသူဖြစ်နေခြင်းကြောင့်ပင်။ သူ့တွင် ရှင်သန်နေသော လူသားတဦး၏ လှုပ်ရှားမှုတွေရှိသည် ။ ဂရု တစိုက်မှုတွေရှိသည် ။ သူသည် မြေတိုင်ခန်းထဲတွင် သက်ရှိတစ်ယောက်ပီပီချမ်းတုန်နေခဲ့သည် ။ သူ့ တွင် စိတ်ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်နိုင်သော အစာဝလင်နေသည့် ခန္ဓာကိုယ်တခုရှိသည် ။

ကျွန်တော်တို့ မှာ တော့ ကိုယ့်ခန္ဓာကိုယ်ကိုယ်မသိနိုင်တော့၊ သိနေသည် ဆိုလျှင်တောင် သူနှင့် ဘယ်နည်းနဲ့ မှ မတူနိုင်တော့၊ ကျွန်တော်သည် ခြေထောက်ကြားထဲက ဘောင်းဘီစကို ခံစားထိတွေ့ လိုသည် ။ သို့သော်မလုပ်ရဲ၊ ကျွန်တော် ဘယ်လ်ဂျီယံကို ကြည့်လိုက်တော့ ခြေနှစ်ချောင်းပေါ် ဟန်ချက် ကျကျရပ်လို့ ၊ သူ့ကြွက်သားများကို သူကောင်းကောင်း စေစားနိုင်သည် ။ မနက်ဖြန်အကြောင်းကို တွေး နိုင်သေးသော သူတစ်ယောက်ပေကိုး။ ကျွန်တော်တို့ သုံးယောက်မှာ တော့ သွေးမရှိသောအရိပ် ကောင်တွေလို၊

သူ့ကိုပဲ မပြတ်စောင့်ကြည့်ပြီး သူ၏ အသက်ဓါတ်ကို သွေးစုပ်ကောင်တွေလို အငမ်းမရ စုပ်မျိုနေမိသည် ။

နောက်ဆုံးတွင် သူသည် ဂျူရမ်လေးအနားကပ်သွားသည် ။ အကယ်၍ သူသည် ဂျူရမ်လေး၏ လည်ကုတ်ကို ပွတ်သပ်နှစ်သိမ့်ပေးဖို့ အတွက်ဆိုလျှင် သူ၏ ပရော်ဖက်ရှင်နယ်စိတ်ဓါတ်ကြောင့်ပေ လား၊ သို့မဟုတ် စေတနာလှုံ့ဆော်မှုကြောင့်ပေလား။ အကယ်၍ စေတနာသက်သက်ကြောင့်ဆိုလျှင် ဒီတည လုံးလျှင် ဒီတကြိမ်သာရှိသေးသည် ။

သူသည် ဂျူရမ်၏ ခေါင်း၊ လည်တိုင်တို့ ကို ပွတ်သက်ချော့မြူနေခဲ့သည် ။ ကောင်လေးသည် သူ၏ နှစ်သိမ့်ပွတ်သပ်ပေးမှုကို ငြိမ်ခံနေခဲ့သည် ။ မျက်လုံးများကတော့ သူ့ထံမှ လုံးဝမခွာ၊ ထို့နောက် ရုတ်တရက် ဘယ်လ်ဂျီယံ၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး အထူးအဆန်းလိုကြည့်နေခဲ့သည် ။ ကောင် လေးသည် ထိုလက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည် ။ ယင်းလက်များ တွင် ဘယ်လိုသာ ယာမှုမျှမခံစားမိ။

မီးခိုးရောင်သံညှပ်နှစ်ခုသည် သူ၏ သွေးရောင်ပြည့်လျှမ်းကာ ဝဖြိုးနေသောလက်ကို ညှပ်ထား သလိုပင်၊ ကျွန်တော့်စိတ်ထဲတစ်ခုခုဖြစ်တော့မည်ဟု ခံစားမိနေသည် ။ တွမ်လည်း အလားတူခံစားရ ပေလိမ့်မည်။ သို့သော် ဘယ်လ်ဂျီယံသည် ထိုအချက်ကို မသိနိုင်၊ ဖခင်တစ်ယောက်လိုပြုံးလို့ ။

ခဏအကြာမှာ တော့ ကောင်လေးသည် နီရဲပြည့်ဖြိုးနေသော လက်ကို ပါးစပ်ထဲထည့်ပြီး ကိုက်ဖို့ ကြိုးစားလေတော့သည် ။

ဘယ်လ်ဂျီယံသည် လက်ကို မြန်မြန်ဆွဲထုတ်ပြီး နံရံနား

ကသုတ်ကရက်ပြန်ဆုတ်သွားခဲ့ သည် ။ တခဏတာမျှ သူသည် ကျွန်တော်တို့ ကို ထိတ်လန့်တကြားကြည့်နေခဲ့သည် ။ ကျွန်တော်တို့ သည် သူလိုလူမျိုးတယောက် မဟုတ်တော့ဘူးဆိုတာကို သူရုတ်တရက်နားလည်သွားပုံရသည် ။ ကျွန်တော်ဟက်ဟက်ပက်ပက်ရယ်ချပစ်လိုက်တော့ အစောင့်တယောက်ထလာသည် ။ ကျန်တ ယောက်ကတော့ အိပ်နေဆဲ၊ သူ ၏ ပြူးကျယ်နေသောမျက်လုံးထဲတွင် ဗလာဖြစ်နေခဲ့သည် ။ ကျွန်တော် သည် ပေါ့ပေါ့လျော့သွားသလို ခံစားရသည် ။ တချိန်တည်းတွင် ကျွန်တော် အလွန်စိတ်လှုပ်ရှားနေခဲ့သည် ။ ကျွန်တော်သည် မနက်မိုးသောက်တွင် ဖြစ်လာတော့မည့် အကြောင်းအရာများ နှင့် သေခြင်းတရား တို့ ကို ထပ်မတွေးချင်တော့။ ဒါဟာဘာမှ အဓိပ္ပာယ်မရှိ၊ ကျွန်တော်သည် စကားလုံးများ နှင့် ဗလာ ထည်ကြီးများကိုသာ တွေ့နေရသည် ။ သို့သော် ကျွန်တော်အခြားတခုခုကို တွေးဖို့ စဉ်းစား လိုက်တိုင်း ကျွန်တော့်ကို ချိန်ရွယ်ထားသော သေနတ်ပြောင်းများကိုသာ တွေ့နေရသည် ။ အကြိမ် (၂၀) လောက်ရှိမလားမသိ။ ကျွန်တော်သည် ဤအဆုံးစီရင်မှုဖြစ်စဉ်ကြီးထဲတွင် ရောက်ရှိခံစားနေခဲ့သည် ။ တကြိမ်တွင် မူ ဤအဆုံးစီရင်မှုသည် ကျွန်တော့အတွက် ကောင်းဖို့ ပင်ဖြစ်သည် ဟု ထင်နေ မိသည် ။

ကျွန်တော်တမိနစ်လောက် မှေးခနဲဖြစ်သွားသည် ။ သူတို့ ကျွန်တော့်ကို နံရံရှိရာ ဆွဲခေါ်သွား ခဲ့သည် ။ ကျွန်တော်က ရုန်းလို့ ကန်လို့ ၊ ပါးစပ်ကလည်း တောင်းပန်တိုးလျှိုးလို့ ၊ ကျွန်တော်လန့်နိုး လာပြီး အစပြန်ရောက်သွားပြန်သည် ။ ကျွန်တော် ဘယ်လ်ဂျီယံကို ကြည့်လိုက်သည် ။ ကျွန်တော်စိုးရိမ်တာ ကအိပ်နေခိုက် အော်ငိုမိမှာ

ကိုပဲဖြစ်သည် ။ သို့သော်လည်း သူသည် မှတ်ဆိတ်မွေးကို ပွတ်သပ်လို့၊ ဘာကိုမှ သတိပြုမိပုံမရ။ အကယ်၍ ကျွန်တော်သာဆန္ဒရှိလျှင် တမေးလောက်အိပ်နိုင်သည် ။ ကျွန် တော် မအိပ်ရတာ (၄၈)နာရီ ခန့်ရှိပြီ။ ကျွန်တော့်ခံနိုင်ရည်မှာ တဲတဲလေးသာရှိတော့သည် ။ သို့သော် ကျွ န် တော် ၏ လက်ကျန်အချိန်ထဲမှ နှစ်နာရီမျှကို အဆုံးအရှုံးမခံချင်တော့၊ မနက်အာရုဏ်ကျင်း သူတို့ လာနှိုးသည် နှင့် ကျွန်တော်အိပ်ချင်မူးတူး ထလိုက်သွားရမည်။ 'အူး'လိုတောင် ပီပီသသမအော် နိုင်ဘဲ တိရစ္ဆာန်တကောင်လိုပဲ ညည်းတွားနိုင်လိမ့်မည်။ ကျွန်တော်တိရစ္ဆာန်တကောင်လို မသေနိုင်၊ ကျွန်တော် သေခြင်းတရားကို နားလည်လိုသေးသည် ။

သည့်နောက် ကျွန်တော်အိမ်မက်မှ နိုး လာပြီး ထကာ ရှေ့နောက် စကြံန်လျှောက်နေမိသည် ။ အတွေးများကို ပြောင်းလဲဖို့ အတိတ်အကြောင်းစတင်စဉ်းစားမိသည် ။ ထိုအခါ အမှတ်ရစရာများ သည် အစုလိုက်အပြုံလိုက် ဒရောသောပါး ကျွန်တော့်ဆီ ပြန်ပြေးလာကြသည် ။ ထိုအထဲတွင် အကောင်းရော အဆိုးရောပါသည် ။ ကျွန်တော်ကတော့ ၄င်းတို့ ကို 'မတိုင်မီက' ပဲဟု သုံးနှုန်းသည် ။ ဖြစ်ရပ်များ နှင့် မျက်နှာများ ရောထွေးပေါ်လာကြသည် ။ ဗလင်စီယာရှိ ဖာရီရာ နွားရိုင်းသတ်ပွဲတွင် နွားရိုင်းအဝှေ့ခံ လိုက်ရသော နိုဗီလီရ၏ မျက်နှာလေး၊ ကျွန်တော့်၏ ဦးလေးများ ထဲမှ တစ်ယောက်၏ မျက်နှာ၊ ရာမွန်ဂ ရစ်၏ မျက်နှာ၊ ကျွန်တော့်၏ ဘဝတခုလုံးကို ပြန်အမှတ်ရလာခဲ့သည် ။ ၁၉၂၆ ခု၊ ကျွန်တော်သုံးလ လောက် အလုပ်လက်မဲ့ဖြစ်နေစဉ်အချိန် ငတ်သေလုနီးပါးဖြစ်ခဲ့ရသည် ။ ကျွန်တော်သည် ဂရင်းနေဒါရှိ ခုံတန်းလျားတခုတွင် အိပ်ခဲ့ရသောညတညကို သတိရမိသေးသည် ။ ထိုစဉ်က

သုံးရက်လုံးလုံးအစာမ စားခဲ့ရ။ ကျွန်တော် ဒေါသဖြစ်မိသည် ။ ကျွန်တော်မသေချင်သေး။

ကျွန်တော်ပြုံးမိသည် ။ ကျွန်တော်သည် ပျော်ရွှင်မှုနောက်ကောက်ကောက်ပါအောင် လိုက်ခဲ့ သည် ။ မိန်းမတွေနောက် ယစ်ယစ်မူးမူးလိုက်ခဲ့သည် ။ လွတ်လပ်ရေးနောက် ပြင်းပြင်းပြပြလိုက်ခဲ့ သည် ။ ဘယ်လောက် မိုက်မဲ ရူးနှမ်းလိုက်ပါသလဲ၊ ဘာကြောင့်လဲ၊ ကျွန်တော် စပိန်ကို လွတ်လပ်စေ လိုသည် ။ ပီယာမာဂေါကိုကြည်ညိုသည် ။ ထို့ကြောင့် မင်းမဲ့ဝါဒီလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည် ။ လူထုရှေ့ တွင် တရားဟောခဲ့သည် ။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်မသေတော့မည့် လူတစ်ယောက်လိုမျိုး အရာရာကို အရေးတကြီးလုပ်ဆောင်ခဲ့သည် ။

ထို ခ ဏ ၌ ကျွန်တော့်ရှေ့တွင် ကျွန်တော့်ဘဝတခုလုံးရောက်ရှိနေသလိုခံစားလိုက်ရသည် ။ စိတ်ထဲတွင် ဒါအလကားစက်ဆုပ်ဖွယ် မုသားသက်သက်ပဲဟု တွေးမိသည် ။ ၎င်းသည် ပြီးဆုံးသွားခဲ့ပြီ။ ဘာမှ တန်ဖိုးမရှိတော့၊ ထိုစဉ်ကဘယ်လိုများ ကောင်မလေးတွေနှင့် တွဲပြီးရယ်ရယ်မောမောသွားလာ နေနိုင်ခဲ့သလဲဆိုတာ အံ့ဩနေမိသည် ။ အကယ်၍ ဤလို သေမည်မှန်းသာတွေးမိခဲ့လျှင် ကျွန်တော် သည် လက်သန်းလေးတစ်ချောင်းလိုမျိုး ဟိုသည် လှုပ်ရှားနေတော့မည်မဟုတ်။ ဘဝသည် ကျွန်တော့် ရှေ့တွင် ချည်ပြီးဖုံးပြီးသား အိတ်တလုံးလို၊ အထဲတွင် တော့ ဘာတစ်ခုမှ အပြီးမသတ်ရသေး။

ဘဝကို တခဏနှင့် အကဲဖြတ်ဖို့ ကျွန်တော်ကြိုးစားခဲ့သည် ။ ‘ဒါဟာ

လှပတဲ့ ဘဝပါ’ ဟု ကိုယ့် ကိုယ်ကို ပြောချင်ခဲ့သည် ။ သို့သော် ဘဝကို ကျွန်တော် အကဲမဖြတ်နိုင်ခဲ့။ ဘဝသည် ပုံကြမ်းအဆင့် မှာ ပဲ ရှိခဲ့သည် ။ ကျွန်တော်သည် ဘဝကို ထာဝရလိုသဘောထားပြီး အချိန်ကုန်ခဲ့သည် ။ ဘာတခုကို မှ နားမလည်ခဲ့။ ကျွန်တော်ဘာကိုမှ မလွမ်းတော့ပါ။ ကျွန်တော့်တွင် လွမ်းလောက်စရာ ကိစ္စတွေတပုံကြီး ရှိပါသည် ။ မန်ဇန်နယ်လာရဲ့ အရသာမျိုး၊ နွေဦးမှာ ကာဒစ်အနားက ချော င်း လေး တ စ် ခု မှာ ရေချိုးခဲ့တဲ့ အရသာမျိုး၊ သို့သော် သေခြင်းတရားသည် အရာရာကို အရသာပြယ်စေခဲ့သည် ။ ဘယ်လ်ဂျီယံသည် ရတ်တရက်အကြံကောင်းတခုရသွားပုံရပါသည် ။

“မိတ်ဆွေတို့ . . .တကယ်လို့ စစ်အုပ်ချုပ်ရေးအဖွဲ့က ခွင့်ပြုမယ်ဆိုရင် ခင်ဗျားတို့ ချစ်ခင်သူ၊ ဆွေမျိုးတွေဆီကို အကြောင်းကြားဖို့ နဲ့ အမှတ်တရပစ္စည်းတခုခုပို့ပေးဖို့ ကျွန်တော်ဆောင်ရွက်ပေးနိုင်ပါ တယ်။ ”

တွမ်က မပီမသဖြင့်

“ကျုပ်မှာ ဘယ်သူမှ မရှိဘူး။”

ကျွန်တော်က ဘာမှ မပြော၊ တွမ်သည် ခဏစောင့်နေပြီး ကျွန်တော့်မျက်နှာကို အံ့အားသင့်စွာ ကြည့်ကာ -

“ခင်ဗျား ကွန်ချာကို ဘာမှ မမှာ တော့ဘူးလား”

“မမှာ ဘူး”

ကျွန်တော်အပြတ်ပြောလိုက်သည် ။

ဤအကြင်နာပိုသော ရောင်းရင်းကြီးကို ကျွန်တော်အမြင်ကတ်မိသည် ။ တကယ်တော့ ကျွန် တော့် အမှားပင်၊

မနေ့ညက ကွန်ချာအကြောင်းပြောပြခဲ့မိသည် ။ တကယ်တော့ ကျွန်တော် ထိန်းသင့် သည် ။ ကျွန်တော်သူမနှင့် တနှစ်လောက်တွဲခဲ့သည် ။ မနေ့ညက သူမနှင့်ပြန်ဆုံနိုင်ဖို့ ငါးမိနစ်လောက် ဆုတောင်းနေမိရာမှ သူမအကြောင်းပြောဖို့ ဖြစ်လာသည် ။ ပြောချင်စိတ် အားကြီးသောကြောင့် ကျွန်တော်မထိန်းနိုင်ခဲ့။

ယခုအချိန်တွင် တော့ ကျွန်တော့်မှာ သူမကို တွေ့ချင်စိတ်လည်း မရှိတော့။ ဘာမှ ပြောချင်စိတ် လည်း မရှိတော့၊ ကျွန်တော့်တွင် သူ့ကို ရင်ခွင်ထဲထွေးပိုက်ထားလိုစိတ်ပင်မရှိတော့။ ကျွန်တော့်တ ကိုယ်လုံး အကြောက်တရားတို့ ဖြင့် ပြည့်နေခဲ့သည် ။ တကိုယ်လုံးမွဲဖျော့ပြီး ချွေးတွေရွှဲနစ်နေခဲ့သည် ။ သူမသည် ကျွန်တော်၏ အကြောက်တရားများကို ကင်းစင်အောင်လုပ်နိုင်ဖို့ မသေချာ၊ ကွန်ချာသည် ကျွန်တော်သေပြီဆိုတာကြားလျှင် ငိုပေလိမ့်မည်။ ပြီးလျှင် လနဲ့ ချီဘဝကို ခံတွင်းပျက်နေလိမ့်မည်။ သို့သော် ကျွန်တော်ကတော့ သေလူပင်ဖြစ်နေဆဲ။

ကျွန်တော်သည် သူမ၏ နူးညံ့လှပသော မျက်ဝန်းတစုံကို မြင်ယောင်မိသည် ။ သူမကျွန်တော့်ကို ကြည့်လိုက်လျှင် သူမထံမှ တစုံတရာ ကျွန်တော့်ဆီဖြတ်သန်းရောက်ရှိလာသလို ခံစားမိသည် ။ သို့သော် ကျွန်တော်သိသည် ။ ဒါဟာ ပြီးဆုံးသွားခဲ့ပြီ။

ယခုအချိန် သူမကျွန်တော့်ကိုကြည့်လျှင် ထိုအကြည့်သည် သူမထံမှာပဲ ရှိနေလိမ့်မည်။ ကျွန် တော့်ဆီမရောက်နိုင်တော့၊ ကျွန်တော်သည် တစ်ယောက်တည်းဖြစ်သွားခဲ့ပြီ။

တွမ်သည် လည်း တစ်ယောက်တည်းသမားပင်။ သို့သော်

ကျွန်တော့်လိုမဟုတ်၊ ခြေချိတ်ထိုင် နေသော တွမ်သည် ခုံတန်းကို ခပ်စိန်းစိန်းကြည့်ပြီး ပြုံးနေသည် ။ သူ့ကြည့်ရတာ အရမ်းအံ့သြနေပုံရသည် ။ သူသည် သစ်သားခုံကို လက်နှင့်သတိကြီးစွာ ဆုပ်ကိုင်လိုက်သည် ။ သူ့ပုံစံက တခုခုကျိုးပဲသွား မှာ အလွန်စိုးရိမ်နေသလိုမျိုး၊ ထို့နောက် လက်ကို အလျင်အမြန်ပြန်ရုပ်ကာ တုန်ယင်နေခဲ့သည် ။ အကယ်၍ ကျွန်တော်သာ တွမ့်နေရာမှာ ဆို ခုံတန်းကို ထိကိုင်ပြီး ကိုယ့်ကိုယ်ကိုယ်သာယာမှုရှာနေမည် မဟုတ် ၊ ဒါဟာ အိုင်းရစ်တွေရဲ့ တောက်တီးတောက်တဲ့ နောက်တမျိုးဖြစ်နိုင်သည် ။

သို့သော် ကျွန်တော်ကိုယ်တိုင်လည်း အရာဝတ္ထုများကို ရယ်စရာလိုမြင်နေမိသည် ။ ၎င်းတို့ သည် ခါတိုင်းထက် ပိုပွယောင်းနေပြီး ပျက်စီးလွယ်နေကြသည် ။ မကြာမီ သေရတော့မည်ဆိုတာကို ခံစားနိုင်ဖို့ အတွက် ကျွန်တော့်မှာ ခုံတန်းရှည်မီးအိမ်နှင့် ကျောက်မီးသွေးပုံတို့ ကို ကြည့်ရုံမျှဖြင့် လုံလောက်နေခဲ့သည် ။ သဘာဝ အားဖြင့် ကျွန်တော်သည် ကျွန်တော်၏ သေခြင်းကို ရှင်းလင်းသဲကွဲစွာ မစဉ်းစားနိုင်၊ သို့သော် ကျွန်တော်သည် ၎င်းကို နေရာတိုင်းတွင် အရာဝတ္ထုတိုင်းတွင် တွေ့နေခဲ့ရသည် ။ လူသေတယောက်ဘေးတွင် လူတွေ တီးတိုးစကားပြောကြသလိုမျိုး အရာဝတ္ထုများ သည် လည်း လမ်းတလျှောက် အလိုက်တသိ နောက်သို့ပြုလဲကာ ခပ်ခွာခွာရှိနေခဲ့သည် ။ တွမ်လက်နှင့်ထိကိုင်ထားသော ခုံတန်းလေးသည် သူ၏ သေခြင်းတရားဖြစ်နေခဲ့သည် ။

အကယ်၍ ယခုအခြေအနေတွင် တစုံတယောက်ရောက်ရှိ လာပြီး ကျွန်တော့်ကို တိတ်တိတ် လေး အိမ်ပြန်နိုင်ပြီ၊ ကျွန်တော့်ရှင်သန်မှုဘဝတခုလုံးကို ပြန်ပေးလိုက်ပြီဟု ပြောလာခဲ့လျှင် ကျွန်

တော်ချမ်းတုန်ပြီး ကျန်ရစ်ခဲ့ပေမည်။ သင့်ထဲတွင် ထာဝရဖြစ်တည်နေသလို ထင်ယောင်မှားမှုမျိုး မရှိ တော့လျှင် နာရီများ စွာဖြစ်စေ၊ နှစ်ပေါင်းများ စွာဖြစ်စေ စောင့်ဆိုင်းရခြင်းသည် အတူတူပင်။ ကျွန်တော် သည် ဘာကိုမျှ တွယ်ငြိမနေတော့၊ တနည်းအားဖြင့် ကျွန်တော်ငြိမ်ဆိတ်နေခဲ့ပြီ၊ သို့သော် ထိုအရာ သည် ကြောက်လန့်ဖွယ်ငြိမ်ဆိတ်မှု၊ အကြောင်းရင်းကတော့ ကျွန်တော့်ခန္ဓာကိုယ်ပင်၊ ကျွန်တော့် ခန္ဓာကိုယ်ကြီးပင်၊ ၎င်း၏ မျက်စိဖြင့် ကျွန်တော်မြင်နေရသည် ။ ၎င်း၏ နားဖြင့် ကျွန်တော်ကြားနေရ သည် ။ သို့သော် ၎င်းသည် ကျွန်တော်မဟုတ်တော့၊ ၎င်းသည် သူ့ဘာသာသူ ရွေးပြန်နေသည် ။ တုန်ယင်နေသည် ။ ကျွန်တော်၎င်းကို မသိမှတ်နိုင်တော့၊ ကျွန်တော်သည် ၎င်းဘာဖြစ်နေသလဲဆိုတာ သိနိုင်ဖို့ ၎င်းကို ကြည့်ရှုရသည် ။ ၎င်းကို ထိတွေ့ရသည် ။ ၎င်းးသည် အ ခြား တ ယော က် ယော က် ၏ ခန္ဓာကိုယ်လိုဖြစ်နေခဲ့ပြီ။ ကျွန်တော် ၎င်းကို ခံစားသိနိုင်သေးသောအချိန်တွေမှာ လည်း လေယာဉ်ပျံ အောက်စိုက်ဆင်းသောအခါ ကြုံရသလိုမျိုး နစ်မြုပ်ခြင်း၊ ပြုတ်ကျခြင်း ခံစားမှုကို ရရှိသည် ။ ဒါမှ မဟုတ် ကိုယ့်နှလုံးခုန်သံ ကိုယ်ကြားနေရသည် ။ သို့သော် ထိုအချက်သည် လည်း ကျွန်တော့်ကို စိတ်မအေး စေနိုင်ခဲ့။

ကျွန်တော့်ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော အရာရာတိုင်းသည် အားလုံးစွေစောင်းနေခဲ့သည် ။ ၎င်းသည် အမြဲလိုလို ငြိမ်သက်နေတတ်သည် ။ ခန္ဓာကိုယ်ကြီးနှင့်ပတ်သတ်ပြီး ကျွန်တော့်မှာ အလေး ချိန်တစ်ခုရှိသည် ဆိုတာထက် ပိုမခံစားရ။ ၎င်းမှာ ကျွန်တော့်ပေါ်တင်ထားသော အတ္တဘောကြီး၊ ကျွန် တော့်မှာ

ဧရာမပိုးကောင်ကြီးနှင့် တွဲချည်ထားသလို ထင်မြင်နေမိသည် ။ အဲဒီ အချိန်က ဘောင်းဘီတွေ ရေစိုနေတာသိလိုက်ပေမဲ့ ဒါဟာချွေးတွေလား၊ သေးတွေလားဆိုတာ ကျွန်တော်မခွဲခြားနိုင်ခဲ့ပါ။ သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့်
ကျောက်မီးသွေးပုံနားသွားပေါက်ခဲ့သည် ။ ဘယ်လ်ဂျီယံ လည်း သူ့နာရီကို ထုတ်ပြီးကြည့်လိုက်သည် ။

"သုံးနာရီခွဲပြီ"

ဝက်မသား၊ သူဒါသက်သက်လုပ်တာဖြစ်ရပေမည်။ တွမ်ခုန်ထလာသည် ။ ကျွန်တော်တို့ သည် တရွေ့ရွေ့ကုန်ဆုံးနေသော အချိန်ကို သတိမထားမိ။ ညသည် သဏ္ဍာန်မဲ့ မဲမှောင်ညို့မှိုင်းသော အရာတခုလို ကျွန်တော်တို့ ကို ဝန်းရံထားခဲ့သည် ။ ကျွန်တော့်မှာ ယခုည ဘယ်လိုစခဲ့သလဲဆိုတာ တောင် မမှတ်မိတော့။

ဂျူရမ်လေး စတင်ငိုကြွေးနေခဲ့သည် ။ သူသည် သူ့လက်များကို လိမ်ညှစ်၍ တိုးလျှိုးတောင်းပန် နေခဲ့သည် ။

"ကျွန်တော်မသေပါရစေနဲ့ ဗျာ၊ ကျွန်တော်မသေချင်သေးပါဘူး"

သူသည် လက်များကို လေထဲ ဟိုသည် ဝှေ့ယမ်း၍ မြေတိုက်ခန်းတခုလုံးဆောက်တည်ရာမဲ့ ပြေးလွှားနေပြီး နောက်ဆုံး ဖျာတချပ်ပေါ်ထိုင်ချကာ ကြူကြူပါအောင် ငိုကြွေးနေခဲ့သည် ။ တွမ်သည် သူ့ကို မနှစ်သိမ့်ချင်တော့။ ကြေကွဲဝမ်းနည်းစွာ ကြည့်နေမိသည် ။ အဘယ့်ကြောင့် ဆိုသော် သူ၏ဒုက္ခ လေးနှင့် နှစ်သိမ့်ဖို့ ရာ မတန်သောကြောင့်ပင်။ ကောင်လေးသည် ကျွန်တော်တို့ လောက် ထိထိခိုက် ခိုက် မခံစားရသော်လည်း ကျွန်တော်တို့ ထက် အသံပိုကျယ်နေခဲ့သည် ။ သူသည် အဖျားတက်နေသော

လူတစ်ယောက်နှင့်ပိုတူသည် ။ လူနာတယောက်သည် အဖျားတက်ခြင်းအားဖြင့် ရောဂါကို ပိုမဆိုး အောင် ဟန့်တားနိုင်သေးသည် ။ တကယ်တမ်း ဆိုးဆိုးရွားရွားခံရသည် မှာ အဖျားမရှိသောလူနာဖြစ် သည် ။ သူငိုကြွေးနေခဲ့သည် ။ သူသည် သေခြင်းတရားအကြောင်းမတွေးဘဲ သူ့ကိုယ်သူပဲ သနားနေတာ ထင်ရှားနေခဲ့သည် ။ တစက္ကန့်ကြာမျှ တကယ့်ကို တစက္ကန့်လောက်လေးပဲ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ငိုကြွေးချင်မိသည် ။ ကိုယ့်ကိုယ်ကိုယ်သနားပြီး ငိုကြွေးချင်မိသည် ။ သို့သော် ဤသို့မဟုတ်ဘဲ ပြောင်း ပြန်ဖြစ်လာခဲ့သည် ။ ကျွန်တော်ကောင်လေးကို ငေးကြည့်နေမိသည် ။ သူတဆတ်ဆတ်တုန်နေသော ပခုံးလေးကို ကြည့်ပြီး ကျွန်တော်လူမဆန်စွာ ခံစားမိသည် ။

ကျွန်တော်ကိုယ့်ကိုယ်ကိုယ်ရော တခြားသူများကိုပါ မသနားနိုင်၊ ကိုယ့်ကိုယ်ကိုယ်ပြောမိ သည် ။ "ကျွန်တော်ရှင်းသန့်ကြည်လင်စွာသေဆုံးချင်တယ်"တွမ်သည် ထလာပြီး အမိုးပေါက်ကလေး အောက်သွားရပ်ကာ နေ့အလင်းရောင်ကို စတင်ကြည့်ရှုနေခဲ့သည် ။ ကျွန်တော်သည် ကြည်ကြည်လင် လင်ဖြင့် သေဆုံးဖို့ ဆုံးဖြတ်ထားသဖြင့် ထိုအကြောင်းကိုပဲ တွေးတောနေမိသည် ။

သို့သော်ဆရာဝန်က အချိန်ကို ပြောပြီးကတည်းက အချိန်များ သည် တတောက်တောက်စီး ဆင်းသွားကြသည် ။ တရွေ့ရွေ့ပျံ့သန်းပျောက်ကွယ်နေခဲ့ကြသည် ။

"သူတို့ အသံတွေကြားလား"

တွမ့်အသံကြားလိုက်ချိန်တွင် မှောင်နေဆဲပင်ရှိသေးသည် ။

စစ်သားများကွင်းပြင်ထဲတွင် လေ့ ကျင့်ချီတက်နေကြသည် ။

“ကြားတယ်”

“ဒီကောင်တွေ ဘာမကောင်းမှုလုပ်နေကြတာလဲ၊ အမှောင်ထဲမှာ ပစ်လို့ မှ မရသေးတာ”

ခဏအကြာ ကျွန်တော်တို့ ဘာမှ ထပ်မကြားတော့ပေ၊ ကျွန်တော်တွမ့်ကို ပြောလိုက်သည် ။

“နေ့ရောက်ပြီ”

ပီဒရိုသည် သမ်းဝေယင်းထလာသည် ။ မီးအိမ်ကို လာငြိမ်းပြီး သူ့အဖော်ကိုပြောသည် ။

“ငရဲကျနေတာပဲ အေးလိုက်တာ”

မြေတိုက်ခန်းတခုလုံး မွဲဖျော့နေခဲ့သည် ။ ကျွန်တော်တို့ သည် အဝေးမှ သေနတ်သံများကို ကြားနေရသည် ။ ကျွန်တော်တွမ့်ကိုပြောလိုက်သည် ။

“စနေပြီကွ၊ သူတို့ နောက်ဖေးကွက်လပ်ထဲမှာ ပစ်နေတာဖြစ်ရမယ်”

တွမ်သည် ဆရာဝန်ထံမှ စီးကရက်တစ်လိပ် တောင်းလိုက်သည် ။ ကျွန်တော်ကတော့ တခုမှ မ လို၊ ကျွန်တော်သည် အရက်ရော ဆေးလိပ်ပါအလိုမရှိတော့၊ ထိုအချိန်ကစပြီး ပစ်ခတ်သံများ မစဲတော့။

တွမ်ကပြောသည် ။

“ဘာတွေဖြစ်နေသလဲဆိုတာ ခင်ဗျားနားလည်သလား”

သူသည် နောက်ထပ် တခုခုပြောချင်သေးသော်လည်း ငြိမ်ဆိတ်စွာပဲ တံခါးကို စိုက်ကြည့်နေ ခဲ့သည် ။ တံခါးပွင့် လာပြီး

ဒုဗိုလ်ကလေးတစ်ယောက်နှင့် စစ်သားလေးယောက် ဝင်လာခဲ့သည် ။ တွမ် သည် စီးကရက်ကို လွှတ်ချလိုက်သည် ။

"စတိန်းဘတ်လား"

တွမ်မဖြေ၊ ပီဒရိုက သူ့ကို လက်ညှိုးထိုးသည် ။

"ဂျူရမ်မာဘယ်ကရော"

"ဖျာပေါ်မှာ "

"ထစမ်း"

ဒုဗိုလ်က အမိန့်ပေးသည် ။ ဂျူရမ်ကမလှုပ်၊ စစ်သားနှစ်ယောက်သည် သူ့ကို ချိုင်းမှ ဆွဲထူပြီး ရပ်စေသည် ။ သို့သော် သူတို့ လွှတ်လိုက်သည် နှင့် သူခွေကျသွားခဲ့သည် ။ စစ်သားများ သည် ချီတုံချတုံ ဖြင့်၊ ဒုဗိုလ်လေးက -

"ကြောက်ဖျားဖျားတာ သူတယောက်တည်း မဟုတ်ဘူး ၊ မင်းတို့ နှစ်ယောက် သူ့ကိုသယ်ခဲ့၊ အဲဒီ မှာ သူတို့ နေရာချပေးလိမ့်မယ်၊ သွားစို့"

တွမ်သည် စစ်သားနှစ်ယောက်ရံ၍ ထွက်လာခဲ့သည် ။ နောက်နှစ်ယောက်ကတော့ ကောင်လေး ကို ချိုင်းမှ မပြီးလိုက်လာသည် ။ သူသည် သတိတော့မလစ်သေး၊ သူ့မျက်လုံးများက ပြူးကျယ်ကာ မျက်ရည်များက ပါးပြင်ပေါ်စီးကျနေခဲ့သည် ။ ကျွန်တော်ပါလိုက်ထွက်ဖို့ ပြင်သောအခါ ဒုဗိုလ်လေးက တားလိုက်ပြီး

"မင်းက အမ်ဘီတာလား"

"ဟုတ်ပါတယ်"

"မင်း ဒီမှာ စောင့်နေ၊ ခဏနေရင် လာခေါ်လိမ့်မယ်"

သူတို့ ထွက်သွားကြပြီ၊ ဘယ်လ်ဂျီယံနှင့် အစောင့်နှစ်ဦးသာကျန်သည် ။ ကျွန်တော့်မှာ တ ယောက်တည်း၊ ကျွန်တော့်အနေအထားက ဘာမှန်းရေရေရာရာ မပြောနိုင်သေးသော်လည်း နည်းလမ်းတကျအဆုံးသတ်ပေးရင်ပဲ ကျွန်တော်ကျေနပ်ပါသည် ။ သေနတ်သံများကိုတော့ မှန်မှန်ကြား နေရသည် ။ သေနတ်သံတချက်ကြားတိုင်းကြားတိုင်း ကျွန်တော်တုန်ခါသွားခဲ့သည် ။ ဆံပင်များကို ဆောင့်ဆွဲပြီး ငယ်သံပါအောင် အော်ဟစ်လိုက်ချင်သည် ။ တကယ်တမ်းမှာ တော့ ကျွ န် တော့ မှာ အံကို ကြိတ်ပြီး လက်များကို အိတ်ထဲထိုးထည့်ထားရသည် ။ကျွန်တော့မှာ စိတ်ကြည်ကြည်လင်လင် သေဆုံး ချင်သည် မဟုတ်ပါလား။

တနာရီခန့်ကြာပြီးနောက် သူတို့ ကျွန်တော့်ကိုလာခေါ်ကြသည် ။ ပထမထပ်ရှိ အခန်းငယ်လေး တခုထဲသို့ ခေါ်လာကြသည် ။ အခန်းလေးထဲတွင် ပူလောင်မွန်းကြပ်နေပြီး ဆေးပြင်းလိပ်နံ့ဖြင့် မွန်ထူနေသည် ။ အရာရှိနှစ်ယောက်က ကုလားထိုင်တွင် ထိုင်ပြီး ဆေးလိပ်သောက်နေကြသည် ။ ပေါင်ပေါ်မှာ စာရွက်တွေတင်လို့ ။

"အမ်ဘီတာဆိုတာမင်းလား"

"ဟုတ်ပါတယ်"

"ရာမွန်ဂရစ်ဘယ်မှာ ရှိသလဲ"

"ကျွန်တော်မသိဘူး"

ကျွန်တော့်ကိုမေးသည့် အရာရှိကပုကွကွ၊ မျက်မှန်နောက်က မျက်လုံးတွေက မာကျောထက်ရှ၊ သူက

"'ဒီကိုလာပါဦး"

ကျွန်တော်သူ့ဆီသွားလိုက်သည် ။ သူထ လာပြီး ကျွန်တော့်လက်မောင်းကို ကိုင်ကာ ခပ်စိမ်းစိမ်းကြည့်သည် ။

သူ့အကြည့်က လူကိုမြေကြီးထဲ နစ်ဝင်သွားလောက်သည် ။ တချိန်တည်းတွင် ကျွန်တော်၏ လက်မောင်းကြွက်သားကို အသားကုန်ဆွဲဆိတ်လိုက်သည် ။တကယ်တော့ ဒါဟာကလေးကစား သလောက်ပါပဲ၊ ကျွန်တော့်ကိုမထိသေးပါဘူး၊ သူကတော့ ကျွန်တော့်အပေါ် အထက်စီးရချင်သည် ။ သူ့ခေါင်းထဲမှာ တော့ သူ၏ အာပုပ်နံ့ကို ကျွန်တော့်မျက်နှာတည့်တည့် မှုတ်ထုတ်ဖို့ စဉ်းစားနေပေသည် ။ ကျွန်တော့်တို့ ခဏမျှ ဒီအတိုင်းရှိနေခဲ့သသည် ။ ကျွန်တော့်အဖို့ တော့ ဒါဟာရယ်စရာကောင်းနေခဲ့သည် ။ သေရတော့မည့် လူတယောက်ကို ဒီလောက်နဲ့ ခြောက်လို့ ရမတဲ့ လား။ သူကျွန်တော့်ကို အနောက်ဘက်

ဆောင့်တွန်းပြီး ပြန်ထိုင်ခိုင်းသည် ။သူကပြောသည် ။

"သူ့အသက်နှင့် ခင်ဗျားအသက် ကြိုက်ရာသာရွေးတော့၊ သူဘယ်မှာ လဲဆိုတာပြောရင် ခင်ဗျား

အသက်ပြန်ရမယ်"

မြင်းစီးဖိနပ်များ ၊ ကြာပွတ်များ နှင့်သားနားနေသော ဤလူများ သည် လည်း သေရဦးမည့်လူများ ပင်၊ သိပ်မကြာပါဘူး၊ ကျွန်တော်သေပြီး မရှေးမနှောင်းပေ့ါ။ ယခုတော့သူတို့ မှာ ကြေမွနေသော စာရွက်များ ပေါ်က နာမည်များကိုရှာလိုက်ဖွေလိုက်ဖြင့် အလုပ်ရှုပ်နေကြသည် ။ လူတွေကို ဖမ်းဆီး နှိပ်ကွပ်ဖို့ တကောက်ကောက်လိုက်နေကြသည် ။ သူတို့ မှာ စပိန်၏

အနာဂတ်ရေးနှင့်အခြားအခြားသော အရေးကိစ္စများ အတွက် ထင်မြင်ယူဆချက်တွေရှိကြသည် ။ သူတို့ ၏ ဆောင်ရွက်ချက် အနည်းငယ်မျှ သည် ပင် ကျွန်တော့်ကိုသွေးလန့်စေသည် ။ သရော်သလိုထခံစားရသည် ။ ကိုယ့်ကိုကိုယ် သူတို့ နေရာ တွင် ထားကြည့်သည် ၊ မရ၊ စိတ်ထဲတွင် သူတို့ကိုရှုံးနေပြီဟု ပင်ထင်သည် ။ လူဖလံလေးတယောက်က မြင်းစီးကြာပွတ်ဖြင့် စသူ့ဘွတ်ဖိနပ်သူရိုက်နေပြီး ကျွန်တော်ကိုစောင့်ကြည့်နေသည် ။ သူ့အမူအရာက အသက်ဓာတ်ပြည့်ဝနေပြီး ရက်စက်ကြမ်းကြုတ်သည့်သားရဲတကောင်နှင့် တူအောင်လုပ်ယူထား သည် ။

"ဒီတော့ကာ၊ မင်းသဘောပေါက်တယ်မဟုတ်လား"

ကျွန်တော်ပြန်ဖြေလိုက်သည် ။

"ဂရစ်ဘယ်မှာ ရှိသလဲဆိုတာ ကျွန်တော်မသိဘူး၊ ကျွန်တော်ထင်တာကတော့သူမက်ဒရပ်မှာ ရှိ

လိမ့်မယ်"

နောက်အရာရှိကသူ၏ ဖြူဖျော့နေသောလက်ကို ပျင်းရိပျင်းတွဲ မြှောက်လိုက်သည် ။ ဤပျင်းရိမှု သည် လည်း လုပ်ဇာတ်တခုပင်။ ကျွန်တော်သည် သူတို့ အကြံအစည်ကို အသေးစိတ်ကအစ ကြိုမြင် နေခဲ့သည် ။ ထို့ပြင် ဤနည်းဖြင့် သူတို့ ကိုသူတို့ အပျင်းဖြေနေကြသောလူများကိုလည်း အံ့အား သင့်မိသည် ။

"ခင်ဗျားပြန်စဉ်းစားဖို့ (၁၅) မိနစ် အချိန်ရမယ်" သူကတလုံးချင်းပြောနေသည် ။ "သူ့ကို အဝတ်လျှော်ခန်းထဲခေါ်သွားစမ်း၊ (၁၅) မိနစ်ပြည့်ရင် ပြန်ခေါ်လာခဲ့၊

သူငြင်းနေသေးတယ်ဆိုရင် ချက်ချင်းထုတ်ပြီးသတ်ပစ်လိုက်”

သူတို့ အလုပ်သူတို့ သိသည် ။ ကျွန်တော်သည် တညလုံးစောင့်နေခဲ့ရသည် ။ထို့နောက် တွမ်နှင့် ဂျူရမ်တို့ ကို ရှ င်း နေ စ ဉ် မှာ ကျွန်တော်ကို တနာရီလောက် စောင့်ခိုင်းထားသေးသည် ။ ယခုလည်း ကျွန်တော့်ကို အဝတ်လျှော်ခန်းထဲ ချုပ်ထားဦးမည်။ မနေ့ညထဲက ဤကစားပွဲကို သူတို့ ပြင်ဆင်ထား ပေလိမ့်မည်။ အာရုံကြောများ သည် နောက်ဆုံးတွင် ဖောက်ပြန်ပျက်ယွင်းတတ်ကြသည် ဟု သူတို့ အချင်းချင်း ပြောနေခဲ့သည် ။ ကျွန်တော့်ကို ဒီလိုပုံစံမျိုးဖြစ်လာလိမ့်မည်ဟု သူတို့ မျှော်လင့်ထားကြ သည် ။

သူတို့ အကြီးအကျယ်မှားသည် ။ ကျွန်တော်သည် အဝတ်လျှော်ခန်းထဲရှိ ခွေးခြေလေးတလုံး ပေါ်တွင် ထိုင်ချလိုက်သည် ။ ကျွန်တော်အရမ်းအားနည်းနေခဲ့ပြီ။ ကျွန်တော်စပြီးစဉ်းစားသည် ။ သူတို့ ကမ်းလှမ်းချက်ကိုတော့မဟုတ်၊ဂရစ် ဘယ်မှာ ရှိသလဲဆိုတာ ကျွန်တော်သိတာပေ့ါ၊ သူသည် မြို့မှ လေးကီလိုမီတာဝေးသော သူ့ဝမ်းကွဲညီအစ်ကို တယောက်ထံတွင် ပုန်းနေခဲ့သည် ။ ကျွန်တော့်ကို တစစီ မစုတ်ပြစ်မချင်းတော့ ကျွန်တော်သူနေရာကို ပြောမည်မဟုတ်ပါ။ (သူတို့ ကတော့ ဤနည်း လမ်းကို တွေးမိပုံမရ) ဒါကျွန်တော့်အတွက် သံမဏိစည်းကမ်းပင်၊ တခြားနည်းစဉ်းစားစရာမလို၊တခုပဲ ကျွန်တော်လုပ်ဆောင်မှုအတွက် အကြောင်းရင်းကိုတော့နားလည်ချင်မိသည် ။ ဂရစ်ကို စွန့်လွှတ်မည့် အစား ကျွန်တော်သာ အသေခံလိုက်မည်။ ဘာ့အတွက်ကြောင့်နည်း၊ ကျွန်တော်သည် ရာမွန်ဂရစ် ကိုလည်း မတွယ်တာတော့ပါ။ မိုးမသောက်မီအချိန်လေးတွင် ပင် ကျွန်တော်နှင့်သူ၏ သူငယ်ချင်း

ခင်မင်မှုသည် သေဆုံးသွားခဲ့သည် ။ ကျွန်တော်နှင့် ကွန်ချာ၏ အချစ်လည်း သေဆုံးသွားခဲ့သည် ။ ကျွန်တော်၏ ရှင်သန်နေထိုင်လိုသော ဆန္ဒတွေလည်း ကုန်ခမ်းသွားခဲ့သည် ။

အသေအချာပါပဲ၊ ကျွန်တော်သူ၏ အားသာချက်တွေကို တွေးနေခဲ့သည် ။ သူသည် တုတ်ခိုင်သန် မာသည် ။ သို့သော် ဤအချက်နှင့်တော့ ကျွန်တော်သူ့အစားဝင်အသေခံမည်မဟုတ်။ သူ့အသက်သည် ကျွန်တော်ထက် ပိုတန်ဖိုးရှိသည် မဟုတ်၊ မည်သူ့အသက်မှ လည်း တန်ဖိုးမရှိ။ သူတို့ သည် လူတစ် ယောက်ကို နံရံနှင့်ကပ်ရိုက်ထားပြီး မသေသေအောင်ပစ်ကြသည် ။ ကျွန်တော်ဖြစ်စေ၊ ဂရေ့ဖြစ်စေ၊ တခြားတယောက်ဖြစ်စေမထူး၊ စပိန်နိုင်ငံအတွက် သူသည် ကျွန်တော့်ထက်ပိုအသုံးဝင်မည်ဆိုတာ တော့ ကျွန်တော်သိသည် ။ သို့သော် စပိန်ကိုရော မင်းမဲ့ဝါဒကိုရော ကျွန်တော်စိတ်ပျက်သည် ။ ဘယ် ဟာမှ အရေးမကြီး။

ကျွန်တော်ဒီအခြေအထိ ရောက်ပေမယ့် ဂရစ်ကိုစွန့်လွှတ်ပြီး ကိုယ့်ကိုယ်ကိုယ်အလွတ်ရုန်းနိုင် သည် ။ သို့သော် ဤသို့လုပ်ဖို့ ငြင်းဆိုနေသည် ။ ဒါရယ်စရာ ဟာသတစ်ခုမဟုတ်လား၊ ဒါခေါင်းမာမှုတစ် ခုသာ။ ကျွန်တော်တွေးမိသည် ။ “ငါဟာခေါင်းမာသူတယောက်ဖြစ်ရမယ်” ထို့နောက်တော့ ကို့ယို့ကား ယားဆန်သော ပျော်ရွှင်မှုတစ်ခု ကျွန်တော့်ကို ဖုံးလွှမ်းသွားသည် ။

သူတို့ ပြန် လာပြီး အရာရှိနှစ်ယောက်ဆီခေါ်သွားသည် ။ ကျွန်တော့်ခြေထောက်အောက်မှ ကြွက် တကောင်ဖြတ်ပြေးသွားသည် ။ ကျွန်တော် အူမြူးလာသည် ။ ဖက်ဆစ်တယောက်ကိုပြောလိုက်သည် ။

“ကြွက်ကိုတွေ့လိုက်လား”

သူမဖြေ၊ သူသည် အိန္ဒြေကြီးသူတစ်ယောက်ပင်၊ သူသည် သူ့ကိုယ်သူပဲ အလေးအနက်ထား နေခဲ့သည် ။ ကျွန်တော်ရယ်ချင်လာမိသည် ။ သို့သော်ကိုယ့်ကိုယ်ကိုယ်ထိန်းရသည် ။ စရယ်လိုက်တာ နှင့် အဆုံးမသတ်နိုင်မှာ စိုးသောကြောင့်ပင်၊ ဖ က် ဆ စ် တ ပ် သား ၏ နှုတ်ခမ်းမွှေးကိုကြည့်ပြီး ကျွန်တော် ပြောလိုက်သည် ။

"မင်းနှုတ်ခမ်းမွှေးတွေ ရိတ်ပါလား၊ ငထူရဲ့ "

သူသည် သူ၏ ရှင်သန်ခြင်းတရားမှ ထွက်ပေါ်လာသော အမွေးအမျှင်များကို မျက်နှာပေါ်တွင် ကျူးကျော်ခွင့်ပြုခြင်းအားဖြင့် ကျေနပ်ပျော်ရွှင်နေပုံရသည် ဟု ကျွန်တော်တွေးမိသည် ။ သူသည် ကျွန်တော့်ကို ဘာစွဲချက်မှ မတင်ဘဲ ခြေထောက်နှင့်ပိတ်ကန်လိုက်သည် ။ ကျွန်တော်လည်း ငြိမ်နေလိုက် သည် ။

၀၀အရာရှိက

"ကဲကောင်းပြီ၊ စဉ်းစားပြီးပြီလား"

ကျွန်တော်သည် ၎င်းတို့ ကို ရှားပါးအင်းဆက်မျိုးစိတ်တစိတ်လို အထူးအဆန်းကြည့်လိုက် သည် ။ ပြီးမှ

"သူဘယ်မှာ ရှိသလဲ ကျွန်တော်သိတယ်၊ သူသချႋုင်းထဲမှာ ပုန်းနေတယ်၊ မြေအောက်ဂူသချႋုင်း ထဲမှာ ၊ ဒါမှ မဟုတ် သုဘရာဇာရဲ့ တဲပုတ်ထဲမှာ ရှိလိမ့်မယ်။"

ဒါ ဟာသဇာတ်မြူးတခုဖြစ်လိမ့်မည်။ မတ်တပ်ရပ်၊ ခါးပတ်ခေါင်းတပ်၊ အမိန့်တလှေကြီးနဲ့ ရှုပ် ယှက်ခတ်နေမည့် ဒင်းတို့ တတွေကို မြင်ယောင်မိပါသေးသည် ။

သူတို့ သည် ခုန်ထလိုက်ကြပြီး-

"သွားစို့ဂိုး၊ မင်းဒုဗိုလ်လိုပက်ဆီကလူ(၁၅)ယောက်ခေါ်သွား"ဖက်တီးကဆက်ပြောသ ။

"ဒီမှာ မင်းပြောတာမှန်ရင်တော့ ငါမင်းကို ချမ်းသာပေးမယ်၊ ငါတို့ကို အရူးလုပ်ရင်တော့ မင်းကို ကောင်းကောင်း သင်ခန်းစာပေးမယ်။"

သူတို့ ဆူဆူညံညံနှင့်ထွက်သွားကြသည် ။ ကျွန်တော့်မှာ ဖက်ဆစ်အစောင့်နှစ်ယောက်နှင့် ကျန် ရစ်သည် ။

အချိန်ကြာလာတာနဲ့ အမျှ သူတို့ လုပ်မည့်အရာများကို မှန်းဆကာ ပြုံးမိသည် ။ ကျွန်တော်သည် အံ့အားသင့်မှုနှင့် ရန်ငြိုးဖွဲ့မှုတို့ ကို ခံစားမိသည် ။ မြင်ယောင်ကြည့်ရသလောက် သူတို့ သည် သချႋုင်း ကမွှည်းကျောက်စာတိုင်များကို လှန်ကြမည်။

မြေအောက်ဂူသချႋုင်းတွေရဲ့ တံခါးပေါက်ကို တချပ်ချင်းလိုက်ဖွင့်ကြမည်။ ကျွန်တော်သည် ဤ အခြေအနေကို အခြားတယောက်ကို အစီရင်ခံသလို ကိုယ့်ဘာသာပြောနေမိသည် ။ အကျဉ်းသားတစ် ယောက်သည် သူရဲကောင်းတယောက်လို စိတ်ဓါတ်ခိုင်မာနေပြီး၊ နှုတ်ခမ်းမွေးနဲ့ ဆက်ဆစ်တွေ၊ ယူနီ ဖောင်းဝတ်တွေကတော့ ဂူတွေကြားထဲ ပြေးလွှားနေရသည် ။ ဒါဟာ သည်းမခံနိုင်လောက်တဲ့ နောက် ပြောင်မှုပဲမဟုတ်လား။ နာရီဝက်လောက်ကြာပြီးနောက် ဖက်တီးတယောက်ထဲပြန်လာသည် ။ ကျွန် တော်က သူ ကျွန်တော့်ကို အဆုံးစီရင်ဖို့ ပြန်လာသည် ဟု ထင်ထားသည် ။ ကျန်လူများက သချႋုင်းထဲ တွင် ကျန်ခဲ့တာဖြစ်မည်။

အရာရှိသည် ကျွန်တော့်ကို ကြည့်လိုက်သည် ။ သူ့ကြည့်ရတာ

ရှက်အန်းအန်းဖြစ်မနေ။

"သူ့ကို ခြံဝင်းထဲက လူတွေထဲထည့်လိုက်၊ စစ်ဆင်ရေးပြီးမှ ပုံမှန်တရားရုံးကနေ သူ့ကိုစီရင် မယ်"

"ဒါဖြင့် သူတို့ ကျွန်တော့်ကို ပစ်မသတ်တော့ဘူးလား"

"လောလောဆယ်တော့မသတ်သေးဘူး၊ နောက်ဘာဖြစ်မယ်ဆိုတာတော့ ငါတို့ အလုပ်ကိစ္စမ ဟုတ်ဘူး။"

ကျွန်တော်နားမလည်နိုင်သေးပါ။ ဘာ့ကြောင့်လဲဗျာဟု တောင် မေးလိုက်မိသည် ။ သူသည် ပါးစပ်ကမဖြေဘဲ ပုခုံးကိုပဲတွန့်ပြသည် ။ စစ်သားများက ကျွန်တော့်ကို ခေါ်ထုတ်သွားကြသည် ။

ခြံဝင်းထဲမှာ တော့ အကျဉ်းသားတရာခန့်ရှိသည် ။ မိန်းမတွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အို တွေ၊ ကျွန်တော်အလယ်က အကွက်ဖော်ထားသော မြက်ခင်းပေါ်ဖြတ်လာခဲ့သည် ။ ကျွန်တော်အကြီး အကျယ်အံ့အားသင့်နေမိသည် ။ မွန်းလွဲချိန်မှာ တော့ ထမင်းစားဆောင်တွင် ကျွန်တော်တို့ စားခွင့်ရ သည် ။ နှစ်ယောက် သုံးယောက်လောက် ကျွန်တော့်ကို မေးကြသည် ။ ကျွန်တော့အသိအကျွမ်းထဲက ဖြစ်ပေလိမ့်မည်။ သို့သော် ကျွန်တော်မဖြေ။ ကျွန်တော်ကိုယ်တိုင် ဘယ်ရောက်နေသလဲဆိုတာပင် ကျွန်တော်မသိ။

ညနေစောင်းတွင် ဝင်းထဲသို့ အကျဉ်းသားအသစ် (၁၀)ယောက်ခန့် ရောက်လာသည် ။ ကျွန်တော်မုန့်ဖုတ်သမား ဂါစီယာကို မှတ်မိသွားသည် ။ သူကပြောသည် ။

မင်းကံကောင်းလိုက်တာကွာ၊ မင်းကို အသက်ရှင်လျက်

တွေ့ရလိမ့်မယ်လို့ ငါလုံးဝမထင်ဘူး။

ကျွန်တော်ပြောပြလိုက်သည် ။

“သူတို့ ကျွန်တော့်ကိုသေဒဏ်ချထားပြီးသားပါ။ နောက်မှ သူတို့ စိတ်ပြောင်းသွားတယ်။ ဘာ ကြောင့်လဲတော့ မသိဘူး”

ဂါစီယာက

“ငါ နှစ်နာရီလောက်မှာ အဖမ်းခံရတာ ”

“ဘာကြောင့်လဲ”

ဂါစီယာသည် နိုင်ငံရေးလုံးဝလုပ်သူမဟုတ်။

“မသိပါဘူး၊ သူတို့ တွေးသလို မတွေးတဲ့ လူတွေအကုန်လုံးကို လိုက်ဖမ်းနေတာပါပဲ ”

သူသည် အသံကို နှိမ့်လိုက်ပြီး

“သူတို့ ဂရစ်ကို မိသွားပြီ”

ကျွန်တော် တုန်လှုပ်သွားသည် ။

“ဘယ်အချိန်ကလဲ”

“ဒီမနက်ပေါ့၊ သူကပြောင်းကပြန်လုပ်ပစ်တာလေ၊ ကြာသပတေးနေ့က သူ့ဝမ်းကွဲအစ်ကိုနဲ့ ငြင်းကြခုံကြယင်း အဲဒီ အိမ်က သူဆင်းလာခဲ့တယ်။ သူ့ကိုဖွက်ထားပေးမယ့်သူတွေအများကြီးရှိပေမယ့် ဘယ်သူ့ကိုမှ သူဒုက္ခမပေးချင်တော့ဘူးတဲ့ ၊ သူကပြောတယ်၊ ငါအမ်ဘီတာဆီမှာ ပုန်းတော့ အမ်ဘီတာ အဖမ်းခံရတယ်၊ ဒီတော့ ငါသင်္ချိုင်းပဲ သွားပုန်းတော့မယ်တဲ့ ”

“သင်္ချိုင်းမှာ ”

“ဟုတ်တယ်၊ ဆိုးပါတယ်ကွာ၊ မနက်က သူတို့ အဲဒီ ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြ တယ်၊ သူပုန်းနေတဲ့ သု ဘ ရာ ဇာ တဲ မှာ တွေ့သွားတယ်၊ သူခံပစ်ပါသေးတယ်၊ နောက်ဆုံးတော့ အဖမ်းခံလိုက်ရတယ်။”

“သချႋုင်းမှာ ”

တလောကလုံး ချာချာလည်သွားသလို ခံစားလိုက်ရသည် ။ ကိုယ့်ကိုယ်ကိုယ် သဂတိထားမိချိန် မှာ တော့ မြေကြီးပေါ်မှာ ထိုင်လျက်၊ ကျွန်တော့်အဖြစ်က ငို၍ ရယ်၍ မရသောအဖြစ်။

Ref: The Wall by Jean Paul Sartre

English Translation of Lloyd Alexander

***